# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ သောကြာနေ့။ Friday, 12 August 2022 ၁၀၈၂၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မည့် ဗုဒ္ဓဥယျာဉ်တော်အတွင်း မုစလိန္ဒအိုင်တွင် ကျည်းပင်စိုက်ပျိုးပူဇော်ခြင်းနှင့် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျောက်စာတော် ဓမ္မစေတီတော်များ စတင်စိုက်ထူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း မုစလိန္ဒအိုင်တွင် ကျည်းပင်စိုက်ပျိုးပူဇော်ခြင်းနှင့် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျောက်စာတော် ဓမ္မစေတီတော်များ စတင်စိုက်ထူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ၊ တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏတို့ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အဆိုပါမဟာမင်္ဂလာအခမ်းအနားသို့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာအခမ်းအနားကိုနမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တာပို့ ဂါထာတော်များကို


**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❂




မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျောက်စာတော်ကို မင်္ဂလာရွှေကြိုးဆွဲ၍ စတင်တည်ထား ပူဇော်စဉ်။






ကြေးမုံ

# အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်

မျက်မှောက်ကမ္ဘာကြီးတွင် နည်းပညာနှင့်ယဉ်ကျေးမှု တိုးတက်မှုများ အရှိန်အဟုန်ဖြင့် ပြောင်းလဲဖြစ်ပေါ်လျက်ရှိရာ ပြောင်းလဲမှုအပေါ်တွင် အားလုံးလိုက်ပါနေကြပေသည်။ ပြောင်းလဲမှုတိုင်းကို တိုးတက်မှုဟု ပုံသေမှတ်ယူ၍မရနိုင်သကဲ့သို့ ရှေးရိုးစဉ်လာများကိုလည်း အစဉ်အမြဲဖက်တွယ်နေ၍ ရနိုင်မည်မဟုတ်ပေ။ အဟောင်းဖြစ်သော်လည်း မပစ်ပယ်ထားသင့်သောအရာများမှာ အမျိုးသားယဉ်ကျေးမှုဖြစ်ပြီး အမျိုးသားယဉ်ကျေးမှု၏ မြတ်နိုးတန်ဖိုးထားဖွယ်ရာများကို ယနေ့ထက်တိုင် မြင်တွေ့နိုင်ပေသည်။

ရိုးရာယဉ်ကျေးမှု တေးသီချင်း၊ ဂီတ၊ အဆို၊ အကများ လူမှုကွန်ရက်များပေါ်တွင် ယနေ့ထက်တိုင်အောင် မြင်တွေ့နေရခြင်းသည် ခေတ်ပြိုင်ယဉ်ကျေးမှုနှင့် ရိုးရာအစဉ်အလာအနုပညာရပ်များကို သဟဇာတဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်နေခြင်းဖြစ်သည်ကို သက်သေပြလျက်ရှိသည်။ ရိုးရာအစဉ်အလာယဉ်ကျေးမှုသည် မြတ်နိုးဂုဏ်ယူဖွယ်ရာ စရိုက်လက္ခဏာများဖြစ်၍ အမျိုးသားယဉ်ကျေးမှုကို မပျောက်ပျက်အောင် ဝိုင်းဝန်းထိန်းသိမ်း မြှင့်တင်ပေးနေခြင်းဖြစ်သည်။ အနုသုခုမ တေးသံသာများသည် တိုင်းပြည်၏ဆည်းလည်းသံဖြစ်၍ တိုင်းပြည်စည်ပင်ဝပြောပြီး အေးချမ်းသာယာနေပါက ချိုမြသည့်အနုသုခုမများ နိုင်ငံတစ်ဝန်းပျံ့လွင့်ကာ ပြည်သူများ နှလုံးဘဝင်အေးချမ်းစေမည်ဖြစ်သည်။

ထို့ကြောင့် ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးသည့်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို နိုင်ငံတော်အဆင့် အစဉ်အဆက်ကျင်းပလာခဲ့ရာ မကြာမီကာလတွင် (၂၃)ကြိမ်မြောက် ပြိုင်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်သည်။ ရိုးရာယဉ်ကျေးမှုကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ကြသော အနုသုခုမပညာရှင်များ၏ ဦးစီးဦးဆောင်ပြုလုပ်မှုဖြင့် နိုင်ငံတစ်ဝန်းတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုကို တန်ဖိုးထားစိတ်ဝင်စားသော မျိုးဆက်သစ်လူငယ်များကို ပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့သည်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများမှတစ်ဆင့် ရွက်ပုန်းသီးအနုပညာရှင်လေးများ နှစ်စဉ်ပေါ်ထွက်လာသည်မှာ ဝမ်းမြောက်စရာဖြစ်သည်။

ယခုအခါ ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ဒေသအသီးသီးမှ အနုသုခုမပညာရှင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများက မြို့နယ်အဆင့်၊ ခရိုင်အဆင့် အကြိတ်အနယ်ယှဉ်ပြိုင်၍ ဆန်ခါတင်ရွေးချယ်ခြင်းများ ပြုလုပ်ခဲ့ကြပြီဖြစ်သည်။ လက်ရွေးစင်အနုသုခုမပညာရှင်များသည် တိုင်းဒေသကြီးအဆင့်မှသည် ဗဟိုအဆင့်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် အားယူပြင်ဆင်နေပြီဖြစ်သည်။ မျက်မှောက်ကာလတွင် အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားစံနှုန်းများ မပျောက်ကွယ်အောင် ထိန်းသိမ်းစောင့်ရှောက်ရန် အထူးလိုအပ်နေသောအချိန်တွင် ဒေသအသီးသီးမှ အနုသုခုမပညာရှင်များ၏ အားတက်သရော ကြိုးပမ်းအားထုတ်မှုများမှာ ယဉ်ကျေးမှုအစဉ်အလာကြီးမားသော နိုင်ငံ၏ဂုဏ်ဒြပ်များကို ညွှန်းဆိုပြသနေခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို (က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ (ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊ (ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊ (ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး ဦးတည်ချက်များဖြင့် ကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ အနှစ်သာရများကို (၂၃) ကြိမ်မြောက်ပြိုင်ပွဲ၏ ဦးတည်ချက်များတွင် ထင်ဟပ်ပြသထားရာ တိုင်းပြည်အေးချမ်းသာယာဝပြောရေး၊ ပြည်သူများ နှလုံးစိတ်ဝမ်းချမ်းမြေ့စေရေးတို့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုက တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် တိုင်းပြည်ငြိမ်းချမ်းသာယာရေးတွင် အဓိကလိုအပ်ချက်ဖြစ်သော ထာဝရငြိမ်းချမ်းရေးရရှိရေးကို အထောက်အကူပြုနိုင်ရန်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များ ထွန်းကားပြန့်ပွားလာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အနုသုခုမပညာရပ်များ ရှင်သန်ထွန်းကားပြန့်ပွားလာစေရန် ကြိုးပမ်းအားထုတ်ခြင်းသည် နိုင်ငံနှင့်လူမျိုးကို များစွာအကျိုးပြုသဖြင့် အမျိုးသားယဉ်ကျေးမှုကို ဝိုင်းဝန်းအားပေးမြှင့်တင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## တောင်ငူမြို့ရှိ ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကွင်းဆင်းကြည့်ရှု



တောင်ငူ ဩဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး စောလင်းအောင်သည် ယနေ့နံနက်ပိုင်းက တောင်ငူမြို့သို့ ရောက်ရှိကာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ တောင်ငူမြို့အတွင်း ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

**ရှင်းလင်းပြောကြား**

တွေ့ဆုံပွဲ၌ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး စောလင်းအောင်က တောင်ငူမြို့နယ်အတွင်း ရုပ်ရှင်ရုံများ ပြန်လည် ဖွင့်လှစ်နိုင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အမှတ် (၂) ရပ်ကွက် ဗိုလ်မှူးဖိုးကွန်းလမ်းဘေး၌ အသစ်တည်ဆောက်မည့် 3D အဆင့်မြင့်ရုပ်ရှင်ရုံ အဆောက်အအုံနှင့် လုပ်ငန်းလျာထားချက်များကို ကောင်းမြန်မာအောင်ကုမ္ပဏီလီမိတက်မှ တာဝန်ခံများက ရှင်းလင်းတင်ပြသည်။

ယင်းနောက် သက်ဆိုင်ရာဌာနများက ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီး စောလင်းအောင်က ဖြည့်စွက်ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး စောလင်းအောင်သည် တောင်ငူမြို့ အမှတ် (၂)ရပ်ကွက် ဗိုလ်မှူးဖိုးကွန်းလမ်းဘေး၌ အသစ်တည်ဆောက်မည့် 3D အဆင့်မြင့်ရုပ်ရှင်ရုံ မြေနေရာဧရိယာအတွင်း လုပ်ငန်းအလိုက်ဆောင်ရွက်ရန် လျာထားချက်များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မအူပင်မြို့နယ် ဇီးကုန်းသဘာဝရေပြင်အတွင်း ငါးမျိုးများစိုက်ထည့်

မအူပင် ဩဂုတ် ၁၁

မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးကျင်းပသော မအူပင်မြို့နယ်ဇီးကုန်းကျေးရွာ ဇီးကုန်းသဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက အဆိုပါ ရေပြင်အနီး၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ခြင်းသို့ မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးဆန်းဝင်း၊ မအူပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ငါးမျိုးစိုက်ထည့်ရေး ကြီးကြပ်ကော်မတီ ဥက္ကဋ္ဌ ဦးသန်းထွန်း၊ မအူပင်မြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမျိုးမင်းလှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ်စီမံကိန်းဦးစီးမှူး၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးမှူးနှင့် ဒေသခံပြည်သူများ ပါဝင်၍ တလုပ်လှငါးလုပ်ငန်းစခန်းမှ ငါးခုံးမကြီးကောင်ရေ ၅၀၀၀၀၊ ရွှေဝါငါးကြင်းကောင်ရေ ၅၀၀၀၀၊ ငါးမြစ်ချင်းကောင်ရေ ၂၅၀၀၀၀ စုစုပေါင်းကောင်ရေ ၃၅၀၀၀၀ ကို ဇီးကုန်းသဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၁- ၈ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၀၀၀ | ၆,၉၀၀ | ၆၃၀ | ၄,၃၈၀,၀၀၀ |
| MTSH | ၂,၄၅၀ | ၂,၄၅၀ | ၁,၅၃၅ | ၃,၇၆၀,၇၅၀ |
| MCB | ၆,၉၀၀ | ၆,၉၀၀ | ၀ | ၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၀ | ၀ |
| TMH | ၂,၃၅၀ | ၂,၃၅၀ | ၀ | ၀ |
| EFR | ၂,၃၅၀ | ၂,၃၅၀ | ၂၁၀ | ၄၉၃,၅၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၁၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၁၆၉.၄ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၁၁.၅၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၉.၆၄၂ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၂.၄၄ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၃၇၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၉၀.၈ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၃၃.၅ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၈၃.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၁.၃၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

**❂ ရှေ့ဖုံးမှ**

နာယူကြည်ညိုကြသည်။ ထို့နောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းတို့သည် အမှတ်(၁) ကျည်းပင် စိုက်ပျိုးပူဇော်မည့်နေရာတွင် လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်းတို့သည့် အမှတ်(၂) ကျည်းပင်နေရာတွင် လည်းကောင်း၊ ကောင်စီဝင် မန်းငြိမ်းမောင်နှင့် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမောင်မောင်အုန်းနှင့် ဦးကိုကိုတို့သည် အမှတ်(၃)ကျည်းပင် နေရာတွင်လည်းကောင်း အသီးသီးနေရာယူကြသည်။

**မင်္ဂလာဖဲကြိုးဆွဲ၍ စိုက်ပျိုးပူဇော်**

ယင်းနောက် အခမ်းအနားမှူးက အခါတော်စာတမ်းကို ဖတ်ကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှတ်(၁) ကျည်းပင် စိုက်ပျိုးမည့်နေရာတွင် ကျောက်မျက်ရတနာများ ထည့်သွင်းပူဇော်၍ မင်္ဂလာအချိန် ရောက်ရှိချိန်တွင် ကျည်းပင်ကို မင်္ဂလာဖဲကြိုးဆွဲ၍ စိုက်ပျိုးပူဇော်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁) ကျည်းပင်အား မြေဆီဩဇာများ ကျွေးမွေးပြီး ရေစင်ရေသန့်များ သွန်းလောင်းကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

တစ်ချိန်တည်းတွင် အမှတ်(၂) ကျည်းပင်ကို ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက လည်းကောင်း၊ အမှတ်(၃) ကျည်းပင်ကို ကောင်စီဝင် မန်းငြိမ်းမောင်နှင့် အဖွဲ့ဝင်များကလည်းကောင်း စိုက်ပျိုးပူဇော်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှတ်(၁)ကျည်းပင်အား ရေစင်ရေသန့်များ သွန်းလောင်းစဉ်။

ဆက်လက်ပြီး အခမ်းအနားသို့ ကြွရောက် ချီးမြှင့်တော်မူကြသည့် ဆရာတော်ကြီးများအမှူးပြု၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျောက်စာတော် ဓမ္မစေတီတော်များ စတင်စိုက်ထူပူဇော်မည့် နေရာသို့ ရောက်ရှိကြပြီး မင်္ဂလာအချိန်တွင် ပိဋကတ်ကျောက်စာတော်များကို မင်္ဂလာရွှေကြိုးဆွဲ၍ စတင်တည်ထားပူဇော်ကြသည်။

**ပက်ဖျန်းပူဇော်**

ယင်းနောက် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ ဦးဆောင်၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပိဋကတ်ကျောက်စာတော်များကို ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ရှင်းလင်းဆောင်၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန်အတွက် စကျင်ကျောက်တော်ကြီးများ တူးဖော်ခဲ့မှုနှင့် အဆင့်ဆင့်သယ်ယူခဲ့ရမှု အခြေအနေ၊ စကျင်ကျောက်တော်ကြီးများကို ခေတ်မီစက်ကိရိယာများအသုံးပြု၍ ထုဆစ်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်း သာသနိက အဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် အဆင့်ဆင့်တိုးတက်လာမှု အခြေအနေများကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာတော်များကို ဆရာတော်ကြီးများ၏ လမ်းညွှန်ဩဝါဒများခံယူ၍ စကျင်ကျောက်တော်များ၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ရေးထိုးပူဇော်သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပိဋကတ်ကျောက်စာတော်များကို ပရိတ်နံ့သာရည် ပက်ဖျန်းပူဇော်စဉ်။

**ထုဆစ်ပူဇော်နိုင်ရန်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ရေး ဆောင်ရွက်ခဲ့သည်များနှင့် ပတ်သက်၍ပြောကြားရာတွင် ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအဖြစ် ထုဆစ်ပူဇော်မည့် စကျင်ကျောက်တော်ကြီးကို Shwe Foundation ၏ မေတ္တာရပ်ခံချက်အရ မိမိဦးဆောင်သည့် ခုနစ်ရက်သားသမီး ဘုရားဒါယကာ ဒါယိကာမတို့က သီတဂူဆရာတော်ဘုရားကြီး၊ ရွှေသုဝဏ် ဆရာတော်ဘုရားကြီးနှင့် ပါမောက္ခချုပ် ဆရာတော်ဘုရားကြီးတို့၏ ဩဝါဒများနှင့်အညီ ခေတ်မီနည်းစနစ်များဖြင့် ထုဆစ်ပူဇော်နိုင်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် လေ့လာရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပြီး စကျင်ကျောက်တော်ကြီးမှ ထွက်ရှိလာနိုင်သည့် အတိုင်းအတာ၊ ထုထည်နှင့် အပြစ်အနာအဆာရှိမှု အခြေအနေများကို သိရှိနိုင်ရန် ကျောက်တော်ကြီးအား တူးဖော်၍ X-Ray ရိုက် စမ်းသပ်စစ်ဆေးခဲ့ကြောင်း၊ ထွက်ပေါ်လာသည့် ကျောက်တော်ကြီးကို အကြမ်းထည်ပုံဖော်ကြည့်ရှုရာတွင် ဉာဏ်တော် ၆၅ ပေ ထွက်ရှိနိုင်သည်ကို တွက်ချက်ရရှိကာ ပလ္လင်တော် ၁၈ ပေ ထပ်မံထည့်သွင်းနိုင်ရေး လုပ်ဆောင်ခဲ့ကြောင်း၊ သီတဂူဆရာတော်ဘုရားကြီး၊ ရွှေသုဝဏ် ဆရာတော်ဘုရားကြီး၊ ပါမောက္ခချုပ် ဆရာတော်ဘုရားကြီးနှင့် ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော်ကြီးတို့ထံမှလည်း ဩဝါဒနာယူ၍ ဆောင်ရွက်ခဲ့ကြောင်း။

ဆင်းတုတော်ကြီးအား နေပြည်တော်တွင် တည်ထားကိုးကွယ်နိုင်ရေးအတွက် ပင့်ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် ထုထည်ပမာဏကြီးမားသောကြောင့်

**စာမျက်နှာ ၄ သို့ »»»**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ကျောက်စာရုံများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစဉ်။

»»» စာမျက်နှာ ၃ မှ

မူလဉာဏ်တော်အမြင့်ကို မထိခိုက်စေဘဲ အစိတ်အပိုင်း ၄ ပိုင်းခွဲ၍လည်းကောင်း၊ ပလ္လင်တော်ကို အစိတ်အပိုင်း ၅ ပိုင်းခွဲ၍ လည်းကောင်း အပိုင်းလိုက်ဖြတ်တောက်၍ သယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ရကြောင်း၊ သယ်ဆောင်နိုင်ရေးအတွက် စကျင်ကျောက်တော်ကြီး တည်ရှိရာ မတ္တရာမြို့နယ် စကျင်တောင်မှ မြောင်မြစ်အထိ တူးမြောင်းဖောက်လုပ်ကာ Barge ရေယာဉ်ပေါ်သို့ တင်ဆောင်နိုင်ရေး လုပ်ဆောင်ခဲ့ကြောင်း၊ ယင်းမှတစ်ဆင့် ဧရာဝတီမြစ်ကြောင်းအတိုင်း မြင်းခြံမြို့နယ်ရှိ ဆီမီးခုံဆိပ်ကမ်းသို့ ပထမအဆင့် ပင့်ဆောင်ပူဇော်ရကြောင်း၊ ဆီမီးခုံဆိပ်ကမ်းတွင် အလေးချိန်လျှော့ချခြင်း လုပ်ငန်းများကို လုပ်ဆောင်ခဲ့ပြီး ယင်းမှတစ်ဆင့် မန္တလေး-ရန်ကုန် အမြန်လမ်းအတိုင်း Modular Trailer များဖြင့် နေပြည်တော်သို့ အခက်အခဲများကြားမှ ဆက်လက် ပင့်ဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ ကျောက်တုံးတော်ကြီးများ သယ်ယူခဲ့ခြင်းသည် ရေလမ်းအရ ကမ္ဘာပေါ်တွင် အဝေးဆုံးသယ်ဆောင်ခြင်း၊ ကုန်းလမ်းအရ အဝေးဆုံးသယ်ဆောင်ခြင်း မှတ်တမ်းဝင်ခဲ့ပါကြောင်း၊ ယခုဆင်းတုတော်ကြီး တည်ထားကိုးကွယ်ပြီးစီးပါက မြန်မာတွင်မက ကမ္ဘာ့နိုင်ငံများတွင်ပါ စကျင်ကျောက်တော်ကြီးဖြင့် ထုဆစ်သည့် ဆင်းတုတော်ကြီးများအနက် အကြီးဆုံး၊ ဉာဏ်တော်အမြင့်မားဆုံး ဆင်းတုတော်ကြီးဖြစ်လာမည်ဖြစ်ပါကြောင်း။

### ကမ္ဘာကပါသိရှိနိုင်ရေး

ကျောက်တုံးတော်ကြီးများကို အဆင့်မြင့် နည်းပညာဖြစ်သည့် CNC Machine များဖြင့် ပုံဖော်ထုဆစ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ အကြမ်းထည်ထုဆစ်ပြီးစီးချိန်တွင် အချောထည်ထုဆစ်ခြင်းလုပ်ငန်းကို မြန်မာကျောက်ဆစ်ပညာရှင်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားတူ ဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်များအရ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများကို ကမ္ဘာကပါ သိရှိနိုင်ရေးအတွက် စကျင်ကျောက်တော်များပေါ်၌ ခေတ်မီစက်ကိရိယာများအသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များကို တည်ထားနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ မန္တလေးမြို့ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားရှိ ပဉ္စမသင်္ဂါယနာတင်ပိဋကတ်ကျောက်စာရုံများအား အလေးထားစံပြု၍ တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခု ပိဋကတ်သုံးပုံပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းစာများကို ရေးထိုးပူဇော်ပြီးပါကလည်း ကျောက်စာချပ်များသည် ဗုဒ္ဓမြတ်စွာ၏ နှုတ်ကပါဌ်တော်များကို ရေးထိုးပူဇော်ထားခြင်းဖြစ်သည့်အတွက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာ ရှေ့မျက်နှာစာ၌ စိုက်ထူပူဇော်ထားရှိခြင်းဖြစ်ပြီး ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ကျောက်စာတိုက်များအတွင်းရှိ ပိဋကတ်သုံးပုံပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းစာများကိုပါ တစ်ပါတည်း လေ့လာကြည်ညို၍ နာယူကြည်ညိုနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပိဋကတ်ကျောက်စာတော်များကို ပရိတ်နံ့သာရည် ပက်ဖျန်းပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များက အမှတ်(၂)ကျည်းပင်ကို မြေဆီဩဇာများ ကျွေးမွေးစဉ်။

### ယခုနှစ်ကုန်ပိုင်းတွင် အကြမ်းထည် ပြီးစီးမည်ဟု ခန့်မှန်းထား

ဆဋ္ဌသင်္ဂါယနာတင်ပွဲ အခမ်းအနားပြုလုပ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးကဲ့သို့သော သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ ကျင်းပပြုလုပ်နိုင်သည့် သာသနဝ္ဗိမာန်တော်ကြီးတစ်ခုကိုလည်း ထည့်သွင်းတည်ဆောက်လျက်ရှိပြီး သံဃာ အပါး ၁၂၀၀ နှင့် လူပရိသတ်များ ဝင်ဆံ့နိုင်မည်ဖြစ်ကြောင်း၊ မုစလိန္ဒအိုင်ကိုလည်း ဆရာတော်ကြီးများ၏ ဩဝါဒများနှင့်အညီ တည်ဆောက်နေကြောင်း၊ မိမိတို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူ ဆောင်ရွက်နေချိန်အတွင်း ဘုရားကြီး တည်ထားကိုးကွယ်မှုကို ပြီးစီးအောင်ရည်မှန်းဆောင်ရွက်နေကြောင်း၊ ဘုရားကြီး တည်ထားကိုးကွယ်မှု အောင်မြင်စွာပြီးစီးရေးအတွက် ကျွမ်းကျင်အင်ဂျင်နီယာများ၊ ခေတ်မီစက်ကိရိယာများဖြင့် နေ့ညမပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ယခုနှစ်ကုန်ပိုင်းတွင် အကြမ်းထည်ပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း၊ ဗုဒ္ဓဥယျာဉ်တော်ကြီး တည်ဆောက်ပြီးစီးချိန်တွင် ဂေါပကဆရာတော်ကြီးများ သီတင်းသုံးနေထိုင်နိုင်ရေး ကျောင်းဆောင်တော်များကိုလည်း ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ပိဋကတ်သုံးပုံကျမ်းစာအုပ်များ နိုင်ငံတကာကျမ်းစာများကဲ့သို့ အဆင့်မီ ပုံနှိပ်ဖြန့်ချိထုတ်ဝေနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကျောက်စာတိုက်များသို့ လာရောက်ကြည်ညိုသူများ လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရေး ပိဋကတ်ကျမ်းစာများကို Mobile tablet များတွင် ထည့်သွင်းထားရှိပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ပိဋကတ်ကျမ်းစာများထည့်သွင်းထားသည့် Mobile Tablet များကို ဝယ်ယူပူဇော်လိုပါကလည်း ရောင်းချပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

- မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်နေချိန်အတွင်း ဘုရားကြီးတည်ထားကိုးကွယ်မှုကို ပြီးစီးအောင်ရည်မှန်းဆောင်ရွက်နေ
- ဘုရားကြီး တည်ထားကိုးကွယ်မှု အောင်မြင်စွာပြီးစီးရေးအတွက် ကျွမ်းကျင်အင်ဂျင်နီယာများ၊ ခေတ်မီစက်ကိရိယာများဖြင့် နေ့ညမပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ယခုနှစ်ကုန်ပိုင်းတွင် အကြမ်းထည်ပြီးစီးမည်ဟု ခန့်မှန်းထား

### လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် ပလ္လင်တော်အကြမ်းထည် တည်ဆောက်ပြီးစီးမှု၊ ချောင်းဖြောင့်မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ သုဓမ္မာဇရပ်များ တည်ဆောက်ပြီးစီးမှု၊ မုစလိန္ဒအိုင်နှင့် ကျောက်စာရုံများ တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုလျှော့ချရေး၊ သဘာဝဘေးကာကွယ်ရေး စသည့်ကိစ္စရပ်များအတွက် အလွန်အရေးပါသည့် နိုင်ငံနှင့်အဝန်း သစ်ပင်သစ်တောများ ဖုံးလွှမ်းစိမ်းစိုသာယာရေး အလေးထားဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဘုရား သွားလမ်း စံပယ်လမ်းဝဲယာ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံတော်အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားများကို မိုးကြိုကာလ၊ မိုးဦးကာလများမှ ယခုမိုးလယ်ကာလအထိ ကျင်းပဆောင်ရွက်ပေးနေခြင်းသည် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေးတို့အတွက် ပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ပေးရန် ရည်ရွယ်ကျင်းပခြင်းပင် ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကံ့ကော်ပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

**သစ်တော၊ သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းစိုသာယာလှပစေပြီး အကျိုးကျေးဇူးများစွာ ရရှိစေနိုင်သည့်အတွက် "မြေဆီစိုခိုက် သစ်ပင်စိုက်" ဟူသည့် ဆောင်ပုဒ်နှင့်အညီ လူထုပူးပေါင်းပါဝင်မှုဖြင့် သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပခြင်းကို အားပေးဆောင်ရွက်နေခြင်းဖြစ်**

သစ်တော၊ သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းစိုသာယာလှပစေပြီး အကျိုးကျေးဇူးများစွာ ရရှိစေနိုင်သည့်အတွက် **"မြေဆီစိုခိုက် သစ်ပင်စိုက်"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ လူထုပူးပေါင်းပါဝင်မှုဖြင့် သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပခြင်းကို အားပေးဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်း ယခုနှစ်မိုးရာသီတွင် သစ်ပင် ၃၀ ဒသမ ၅၇ သန်း စိုက်ပျိုးတည်ထောင်သွားရန် ရည်မှန်းထားသည့်အတိုင်း သက်ဆိုင်ရာဝန်ကြီးဌာနက ဇူလိုင်လကုန်တွင် လျာထားချက်ပြည့်မီအောင် စိုက်ပျိုးပြီးဖြစ်သည့်အတွက် စိုက်ပျိုးပင်များ အောင်မြင်ရှင်သန်ရေးကို ဆက်လက်အားစိုက်ထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း။

**Green Campaign များ ဆောင်ရွက်**

နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစေရန်၊ စိမ်းလန်းစိုပြည်သာယာစေရန်၊ ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ စီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်စေရန်၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို တုံ့ပြန်ဆောင်ရွက်စေရန် Green Campaign များ ဆောင်ရွက်နေသကဲ့သို့ ပါကစ္စတန်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ စသည့် ဒေသတွင်းနိုင်ငံများ၌ အစီအစဉ်အမျိုးမျိုးဖြင့် Green Campaign များ မြှင့်တင်ဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို တုံ့ပြန်ဆောင်ရွက်ရာတွင် သစ်တောများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ သစ်တောတစ်ဟက်တာသည် ကာဗွန်ပမာဏ ၅၃ ဒသမ ၂ မက်ထရစ်တန်ခန့် သိုလှောင်ထိန်းသိမ်းထားနိုင်ပြီး ကမ္ဘာ့သစ်တောများသည် ကာဗွန်မက်ထရစ်တန် သန်းပေါင်းနှစ်သိန်းကျော် သိုလှောင်ထားကြောင်း၊ တစ်နှစ်အတွင်း ကာဗွန်ဒိုင်အောက်ဆိုက်မက်ထရစ်တန် ၁၆ ဒသမ ၂ သန်းကျော် စုပ်ယူပေးလျက်ရှိကြောင်း သုတေသနတွေ့ရှိချက်များအရ လေ့လာသိရှိရသည့်အတွက် သစ်တောများ ထိန်းသိမ်းစိုက်ပျိုးထူထောင်ရေးကို အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအကျိုးဆက်များကြောင့် ထိခိုက်နိုင်ခြေမြင့်မားသည့် နိုင်ငံများစာရင်းတွင် ပါဝင်သည်ဟု လေ့လာတွေ့ရှိရပါကြောင်း၊ အပူချိန်မြင့်တက်ခြင်းနှင့် မိုးရွာသွန်းမှုပြောင်းလဲခြင်း အကျိုးဆက်အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းများ ပိုမိုတိုက်ခတ်လာနိုင်ခြင်း၊ မိုးသည်းထန်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းတို့ကဲ့သို့ ရာသီဥတုဖောက်ပြန်မှုများ ပိုမိုဖြစ်ပေါ်လာပြီး အနောက်တောင်မုတ်သုံလေဝင်ရောက်ချိန် ပုံမှန်ထက်နောက်ကျပြီး ဆုတ်ခွာချိန် ပုံမှန်ထက်စောလာသည့်အတွက် မုတ်သုံကာလ တိုတောင်းခြင်းများကြောင့် နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများကိုပါ ထိခိုက်လာနိုင်ကြောင်း။

စာမျက်နှာ ၆ သို့ ❖

❖ စာမျက်နှာ ၅ မှ

ရာသီဥတုပြောင်းလဲမှုကြောင့် ကြုံတွေ့လာရသည့် သဘာဝဘေးအန္တရာယ်များကို ပြန်ကြည့်မည်ဆိုပါက ၂၀၀၈ ခုနှစ် မေလတွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးကို ဝင်ရောက်တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းကြောင့် အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးခဲ့ကြရပြီး နိုင်ငံအနေဖြင့်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားစိုက်ဆောင်ရွက်ခဲ့ရသည်ကို အားလုံးသိရှိကြကြောင်း၊ နာဂစ်မုန်တိုင်းဒဏ်၏ လေပြင်းတိုက်ခတ်မှုနှင့် ပင်လယ်ဒီရေလှိုင်းများမြင့်တက်မှုကို ဒီရေတောများက ထိထိရောက်ရောက်ကာကွယ်ပေးသဖြင့် ဒေသခံများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှုနည်းပါးခဲ့သည်ကို လက်တွေ့သိမြင်ခဲ့ရသည့်အတွက် ဒီရေတောကာကွယ်ထိန်းသိမ်းရေးနှင့် ပြန်လည်စိုက်ပျိုးထူထောင်ရေး လုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ကြရန် လိုအပ်မှုကို သင်ခန်းစာရရှိခဲ့ပါကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် သတ္တမမြောက် ဒီရေတောဧရိယာ အများဆုံးပိုင်ဆိုင်သည့် နိုင်ငံဖြစ်ပြီး မြန်မာ့ကမ်းရိုးတန်းများတစ်လျှောက်ရှိ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒီရေတောများကို အများဆုံးတွေ့ရှိရပါကြောင်း၊ ဒီရေတောများသည် ကမ်းရိုးတန်းဒေသနေ ပြည်သူများအတွက် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ပံ့ပိုးပေးနိုင်သည့်အပြင် နိုင်ငံ၏ ငါး၊ ပုစွန်၊ ကဏန်းရေထွက်ကုန်သယံဇာတများတိုးပွားရေး၊ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးရေး၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုလျော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးတို့အတွက် အလွန်အရေးပါသည့် ဂေဟစနစ်ဖြစ်ပါကြောင်း။

**ဒီရေတောများ ထိန်းသိမ်းကာကွယ်ရေး**

ထို့ကြောင့် ဒီရေတောများ ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်တည်ထောင်စိုက်ပျိုးရေးတို့ကို ဦးစားပေးမြှင့်တင် ဆောင်ရွက်သွားကြရန် ကမ်းရိုးတန်း တိုင်းဒေသကြီးနှင့် ပြည်နယ်ခရီးစဉ်များတွင် အစဉ်လမ်းညွှန်မှာကြားလျက်ရှိသကဲ့သို့ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီ ဖွဲ့စည်းပေးပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ဒီရေတောကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများ၊ အဏ္ဏဝါအမျိုးသားဥယျာဉ်များ တိုးချဲ့ဖွဲ့စည်းခြင်း၊ နိုင်ငံပိုင်ဒီရေတောစိုက်ခင်းများ တည်ထောင်ခြင်းနှင့် ယခုနှစ်မိုးရာသီမှစတင်ပြီး ကိုကိုးကျွန်း အပါအဝင် ပင်လယ်ကမ်းရိုးတန်းဒေသ မြို့နယ် ၆၀ ၌ ဒီရေတောပင်၊ အရိပ်ရပင် တစ်အုပ်တစ်မစိုက်ခင်းများကို လူထုပူးပေါင်းပါဝင်မှုဖြင့် စိုက်ပျိုးတည်ထောင်လျက်ရှိသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အတူ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း။

မြန်မာနိုင်ငံတွင်ရှိသည့် မြစ်ကြီးလေးသွယ်အပါအဝင် မြစ်ချောင်းကွန်ရက်များမှ နှစ်စဉ် ရေချို **ဧကပေသန်း ၈၀၀ ကျော်** စီးဆင်းလျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် နှစ်စဉ်ရေချိုပမာဏ **ဧကပေ ၄၅ သန်းကျော်သာ** အသုံးပြုလျက်ရှိသည့်အတွက် နှစ်စဉ်စီးဆင်းနေသည့် ရေချိုပမာဏ၏ ငါးရာခိုင်နှုန်းခန့်ကိုသာ သုံးစွဲနေသည်ကို တွေ့ရှိရကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များ တပျော်တပါးစိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေသယံဇာတဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရေအရင်းအမြစ်များကိုအခြေခံသည့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရန် အလားအလာကောင်းများစွာ ရှိပါကြောင်း၊ နိုင်ငံ၏မြစ်ချောင်းကွန်ရက်များကို ရေရှည်ထိန်းသိမ်းအသုံးပြုနိုင်ရေးအတွက် ရေဝေရေလဲဒေသ သစ်တောများ ထိန်းသိမ်းရေးကို ထိရောက်စွာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ရေဝေရေလဲဒေသတွင်ရှိသည့် သစ်တောများ ပျက်စီးပြုန်းတီးသည့်အခါ နုန်းအနည်အနှစ်များသည့်ရေများ မြစ်ချောင်းများအတွင်း တိုက်ရိုက်စီးဆင်းခြင်း၊ ရေစီးကြောင့် မြေပြိုတိုက်စားခြင်း၊ ရေကြီးခြင်း၊ မြေအောက်ရေထိန်းသိမ်းနိုင်မှုမရှိခြင်း၊ မြစ်ချောင်းများ တိမ်ကောစေခြင်း၊ စိုက်ပျိုးမြေများ ရေတိုက်စားမှုကြောင့် ပျက်စီးခြင်း စသည့် နောက်ဆက်တွဲဆိုးကျိုးများ သက်ရောက်စေသည့်အပြင် ရေသယံဇာတအခြေပြု ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ရေအသုံးပြုရေး၊ လျှပ်စစ်ထုတ်လုပ်ရေး၊ ငါးနှင့်ရေထွက်ကုန် သယံဇာတထုတ်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကိုပါ ထိခိုက်နိုင်သည့်အတွက် ရေဝေရေလဲ ဧရိယာအတွင်းရှိသစ်တောများထိန်းသိမ်းရေးကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက ညှိနှိုင်းပေါင်းစပ်ပြီး ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကံ့ကော်ပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

**အမျိုးအစားစုံလင်စွာတည်ရှိ**

နိုင်ငံ၏ ပထဝီဝင်အနေအထားအရ သဘာဝဂေဟစနစ်နှင့် သယံဇာတများ အမျိုးအစားစုံလင်စွာတည်ရှိလျက်ရှိရာ မြန်မာနိုင်ငံမိုးနည်းရပ်ဝန်းတွင်ရှိသည့် အပူပိုင်းဒေသသစ်တောများ ထိန်းသိမ်းရေးကိုလည်း အာရုံစိုက်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အပူပိုင်းဒေသသစ်တောများ ပြုန်းတီးသည့်အခါ မိုးကွင်းပြီး မိုးခေါင်ရေရှားခြင်း၊ မြေအောက်ရေဆုံးရှုံးခြင်း၊ ရေထွက်စိမ့်စမ်းများပျောက်ကွယ်ခြင်း၊ မြေဆီလွှာအဆင့်အတန်းကျဆင်းရာမှ သဲကန္တာရဖြစ်ထွန်းနိုင်ခြင်း စသည့် အကျိုးဆက်များ ဖြစ်လာနိုင်ပါကြောင်း၊ စိုက်ပျိုးရေရရှိရေးကိုလည်း ထိခိုက်စေပြီး ဒေသခံပြည်သူများ၏အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို ထိခိုက်စေမည်ဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် အပူပိုင်းဒေသ၏ အိုအေစစ်ဖြစ်သည့် ပုပ္ပားတောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ၁၉၉၀ ပြည့်နှစ်များမှစတင်ပြီး ထိထိရောက်ရောက် ဆောင်ရွက်ခဲ့သည့်အတွက် ရေထွက်စိမ့်စမ်းများ ပြန်လည်ပေါ်ထွက်လာပြီး ရာသီဥတုမှန်လာကာ စိုက်ပျိုးရေးလုပ်ငန်းများ ယခင်ကထက် ပိုမိုဆောင်ရွက်လာနိုင်ပြီး စိမ်းလန်းစိုပြည်သာယာလှပစွာဖြင့် ဖွံ့ဖြိုးလာသည်ကို တွေ့ရှိရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဖြစ်သည့် အပူပိုင်းဒေသသစ်တောများ ထိန်းသိမ်းရေး၊ သစ်တောများ ပြန်လည်စိုက်ပျိုးရေး၊ ကျေးရွာများ ရေရရှိရေးအတွက် ရေတွင်း၊ ရေကန်များ တူးဖော်ပြုပြင်ရေးနှင့် ထင်းအစား အခြားလောင်စာနှင့် စွမ်းအားမြှင့်မီးဖိုများသုံးစွဲရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် အကျိုးဆက်စပ်ပတ်သက်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

စာမျက်နှာ ၇ သို့ ☆

**နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေသယံဇာတဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရေအရင်းအမြစ်များကိုအခြေခံသည့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရန် အလားအလာကောင်းများစွာ ရှိပါကြောင်း၊ နိုင်ငံ၏မြစ်ချောင်းကွန်ရက်များကို ရေရှည်ထိန်းသိမ်းအသုံးပြုနိုင်ရေးအတွက် ရေဝေရေလဲဒေသ သစ်တောများထိန်းသိမ်းရေးကို ထိရောက်စွာဆောင်ရွက်ရန် လိုအပ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျပန်နိုင်ငံ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ အောက်လွှတ်တော်အမတ် Mr. Hiromichi Watanabe ဦးဆောင်သည့်အဖွဲ့ကို လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများတွင် ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး အမြင်ချင်းဖလှယ် ဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျပန်နိုင်ငံ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ အောက်လွှတ်တော်အမတ် Mr. Hiromichi Watanabe ဦးဆောင်သည့်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဩဂုတ် ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်နိုင်ငံ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ အောက်လွှတ်တော် အမတ် Mr. Hiromichi Watanabe ဦးဆောင်သည့်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ကမ္ဘာ့အကြီးဆုံး ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်ဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်ကြီးတည်ရှိရာ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ဂျပန်-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရေးအတွက်ရည်ရွယ်၍ ချယ်ရီပင်များကို ဂျပန်နိုင်ငံမှ စိုက်ပျိုးလှူဒါန်းသွားမည့် အခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှုအခြေအနေ၊ နှစ်နိုင်ငံချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများတွင် ပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေများနှင့်ပတ်သက်၍ ပြည်ပနိုင်ငံများတွင် သတင်းမှားများ ဖြစ်ပေါ်နေမှုနှင့် အဖြစ်မှန်များကို ဂျပန်နိုင်ငံရှိ ပြည်သူများသိရှိရန်လိုအပ်မှုများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ အောက်လွှတ်တော်အမတ်နှင့်အတူ ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေး အသင်းဥက္ကဋ္ဌ Mr. Fumio Usui နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမှတ်တရပစ္စည်းများ ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဂျပန်နိုင်ငံ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ အောက်လွှတ်တော်အမတ်တို့သည် အမှတ်တရပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

☆ စာမျက်နှာ ၆ မှ

နိုင်ငံတော်အနေဖြင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုလျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ နိုင်ငံလူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် နိုင်ငံတစ်ဝန်း အမျိုးအစားစုံလင်သည့် သစ်တောဂေဟစနစ်များ ထိန်းသိမ်းရေးကို ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း၊ နိုင်ငံတကာသဘောတူညီချက်များတွင် ပါဝင်ဆောင်ရွက်ခြင်းတို့ကိုလည်း အလေးထားဆောင်ရွက်ပါကြောင်း။

**စတုတ္ထအကြိမ်ရှိ**

မြန်မာလူမျိုးတို့သည် ရေရှည်အကျိုးကို မျှော်မှန်းပြီး နောင်လာနောက်သားများ အသုံးပြုနိုင်ရန် သစ်ပင်စိုက်ပျိုးကြသည့် မြန်မာ့ဓလေ့နှင့်အညီ သစ်တော၊ သစ်ပင်တိုးမြှင့်စိုက်ပျိုးရေးကို အားပေးသည့်အနေဖြင့် ကမ္ဘာ့အကြီးဆုံး ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားလျက်ရှိသည့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အဝင်လမ်းတွင် စိမ်းလန်းသာယာပြီး မိဘပြည်သူများ စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရေး သစ်ပင်စိုက်ပျိုးပွဲများကို ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် မြှင့်တင်ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း၊ ယခုစိုက်ပျိုးခြင်းသည် စတုတ္ထအကြိမ်ရှိပြီ ဖြစ်ပါကြောင်း၊ နောင်အချိန်တွင် စိမ်းလန်းသာယာလှပပြီး စိတ်ချမ်းမြေ့ဖွယ်ရာ လမ်းမကြီးအဖြစ် ရောက်ရှိလာမည် ဖြစ်ပါကြောင်း၊ အသုံးပြုသူအားလုံး အေးမြလှပသည့်အရိပ်အာဝါသနှင့် ခံစားရစေမည်ဖြစ်သည့်အတွက်ကြီးမားသည့်ကုသိုလ်တစ်ခုဆောင်ရွက်ခြင်းလည်း ဖြစ်ပါကြောင်း။

**❒ မြန်မာလူမျိုးတို့သည် ရေရှည်အကျိုးကို မျှော်မှန်းပြီး နောင်လာနောက်သားများ အသုံးပြုနိုင်ရန် သစ်ပင်စိုက်ပျိုးကြသည့် မြန်မာ့ဓလေ့နှင့်အညီ သစ်တော၊ သစ်ပင်တိုးမြှင့်စိုက်ပျိုးရေးကို အားပေးသည့်အနေဖြင့် ကမ္ဘာ့အကြီးဆုံး ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားလျက်ရှိသည့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အဝင်လမ်းတွင် စိမ်းလန်းသာယာပြီး မိဘပြည်သူများ စိတ်ချမ်းမြေ့စွာဖူးမြော်နိုင်ရေး သစ်ပင်စိုက်ပျိုးပွဲများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် မြှင့်တင်ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်**

**အလေးထားဆောင်ရွက်**

နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှု လျှော့ချရေး၊ သဘာဝဘေးကာကွယ်ရေးစသည့် ကိစ္စရပ်များအတွက် အလွန်အရေးပါသည့် နိုင်ငံနှင့်အဝန်း သစ်ပင်သစ်တောများ ဖုံးလွှမ်းစိမ်းစိုသာယာရေးကို အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်နှင့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ပံ့ပိုးပေးပြီး လူမှုစီးပွားဖွံ့ဖြိုးရေးကို အထောက်အကူပြုလျက်ရှိသည့် နိုင်ငံ့သစ်တောသယံဇာတများကို ရှေးလူကြီးသူမများ ဆုံးမဆိုရိုးထားရှိသည့် **"ဥတုရာသီ တောကို မှီ၊ တောတောင်ရှိမှ စမ်းရေရ၊ တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၊ တောတောင်ခြောက်ခန်း လယ်ယာနွမ်း"** ဟူသည့် စကားနှင့်အညီ သစ်တောသစ်ပင်များနှင့် ဂေဟစနစ်ကို မပျက်စီးအောင် ထိန်းသိမ်းကာကွယ်ပေးကြရမည်ဖြစ်ကြောင်း၊ သစ်တောပြုန်းတီးခြင်းဆိုင်ရာ နောက်ဆက်တွဲ ဆိုးကျိုးများကို အလေးထားဂရုပြုပြီး နိုင်ငံ၏ကြွယ်ဝသည့် သစ်တောသယံဇာတ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်ကို ရေရှည်တည်တံ့ပြီး နိုင်ငံဖွံ့ဖြိုးရေးအတွက် စနစ်တကျ အကျိုးရှိရှိအသုံးပြုနိုင်အောင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ် ပြုစုထူထောင်သွားကြရမည်ဖြစ်သည်ဟု တိုက်တွန်းနှိုးဆော်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းတို့က ကံ့ကော်ပင်များကို သတ်မှတ်နေရာများတွင် ဦးဆောင်စိုက်ပျိုးပေးကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ တာဝန်ရှိသူများက စံပယ်လမ်း ဝဲ/ ယာ၌ ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များ တပျော်တပါးစိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသည့် နေပြည်တော် ပြည်ထောင်စုနယ်မြေ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲအခမ်းအနားတွင် ကံ့ကော်၊ ခရေနှင့် စိန်ပန်းသစ်မျိုးပျိုးပင်စုစုပေါင်း ၇၇၆ ပင်ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ ဗဟိုအဆင့်အထိမ်းအမှတ်အခမ်းအနား ကျင်းပ



နေပြည်တော် ဩဂုတ် ၁၁

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုများ ဗဟိုအဆင့်အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းတို့ တက်ရောက်ခဲ့ကြသည်။

**အထူးအရေးပါ**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ကျောင်းအခြေပြု ကျောင်းကျန်းမာရေး လုပ်ငန်းများဖြစ်သည့် ကျောင်းသားလူငယ်များ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို မျှတစွာစားသုံးရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကူးစက်ရောဂါကာကွယ်ရေး၊ ကိုယ်ကျန်းမာမှု၊ စိတ်ကျန်းမာမှုနှင့် လူမှုရေး ကျန်းမာမှုတို့နှင့်ပြည့်စုံရေးစသည်တို့နှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူဘဝမှစတင်ကာ ကျန်းမာရေးအသိပညာ ဗဟုသုတများနှင့် ပြည့်စုံစေရေးနှင့် ဘဝတစ်လျှောက်လုံး လေ့ကျင့်သွားရမည့် အလေ့အကျင့်ကောင်းများကို ပျိုးထောင်ပေးနိုင်ရေးသည် အထူးအရေးပါသည်ဖြစ်ကြောင်း။

ပညာရေးဝန်ကြီးဌာနသည် ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ကျန်းမာရေးအဆင့်မြှင့်ကျောင်း ထူထောင်ရေးလုပ်ငန်းများဖြစ်သည့် ကျောင်းအခြေပြု ကျန်းမာရေးအသိပညာမြှင့်တင်ရေး လုပ်ငန်း၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ ကျောင်းမှပြည်သူအတွင်းသို့ မူမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း၊ အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာအန္တရာယ်ကင်းဝေးရေးလုပ်ငန်းနှင့် ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း။

ယခုကဲ့သို့ ကျောင်းကျန်းမာရေး ရက်သတ္တပတ် အခမ်းအနားကျင်းပခြင်းဖြင့် ကျောင်းကျန်းမာရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကျောင်းကျန်းမာရေး လုပ်ငန်းများနှင့် ကျန်းမာရေးအဆင့်မြှင့်ကျောင်း လုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ နှီးနွှယ်အဖွဲ့အစည်းအသီးသီးတို့မှ ဗဟို၊ တိုင်းဒေသကြီး / ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျောင်း စသည့်အဆင့်တိုင်းတွင် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရန်ဖြစ်ကြောင်း။

ယခု ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ဩဂုတ် ၇ ရက်မှ ၁၃ ရက်အထိ ကျရောက်သည့် ကျောင်းကျန်းမာရေးသီတင်းပတ်တွင် အခြေခံပညာကျောင်း၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင် စာသင်ကျောင်းများရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား ကျောင်းသူစုစုပေါင်း ၆ ဒသမ ၆ သန်းခန့်ကို ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပထမအကြိမ် ကျောင်းအခြေပြု သန်ချဆေး တိုက်ကျွေးခြင်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများတွင် ကျောင်းကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ သက်ဆိုင်ရာအတန်းအလိုက် ခေါင်းစဉ်များသတ်မှတ်ကာ ကာတွန်း/ပန်းချီရေးဆွဲပွဲ၊ ကဗျာ/ စာစီစာကုံးရေးပွဲ၊ ပြိုင်ပွဲများ ကျင်းပခြင်း၊ ဉာဏ်စမ်းမေးခွန်းများ မေးမြန်းခြင်း၊ သက်ရှယ်ဆင့်တူ အုပ်စုလိုက်ဆွေးနွေးခြင်း၊ ပညာပေးဟောပြောပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့ပြင် လက်ဆေးနည်းအဆင့်ဆင့်နှင့် စနစ်မှန်သွားတိုက်ခြင်းတို့ကို သရုပ်ပြခြင်း၊ သွားနှင့်ခံတွင်းကျန်းမာရေးစစ်ဆေးခြင်း၊ ပြခန်းငယ် ပြသပညာပေးခြင်း၊ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ်ကင်းဝေးရေး လုပ်ငန်းများကို ကျောင်းအလိုက် ဦးစားပေးရွေးချယ်၍ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း။

ကျောင်းသား ကျောင်းသူများဘဝတွင် ကျောင်းတော်ကြီးက ပျိုးထောင်ပေးလိုက်သည့် ကျန်းမာရေးနှင့်ညီညွတ်သော အလေ့အကျင့်ကောင်းများကို ဆက်လက်စွဲမြဲစွာ လိုက်နာကျင့်သုံးခြင်းဖြင့် ကျန်းမာသောနိုင်ငံသားများ ဖြစ်လာနိုင်စေရေးအတွက် "တစ်မျိုးသားလုံးကျန်းမာဖို့ ကျောင်းကျန်းမာရေးမြှင့်တင်လို့ အားလုံးပူးပေါင်းဆောင်ရွက်ကြပါစို့" ဟု ပြောကြားသည်။

ယင်းနောက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုများ အထိမ်းအမှတ်ဗီဒီယိုကိုပြသခဲ့ပြီး ကျောင်းသား ကျောင်းသူလေးများက "ဘဝတွက်တာ ကျောင်းကျန်းမာ" သီချင်းဖြင့် ဖျော်ဖြေခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် တက်ရောက်လာသော ဧည့်သည်တော်များက အထိမ်းအမှတ်ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုသည်။

အစီအစဉ်ဒုတိယပိုင်းအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းတွင် ဆောင်ရွက်နေသော ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုများကို ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် တက်ရောက်လာသော ဧည့်သည်တော်များက အားပေးကြည့်ရှုသည်။ ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အ.ထ.က (၆) ရှိ ကျောင်းသား ကျောင်းသူများ အသုံးပြုရန်အတွက် ပါးစပ်နှင့်နှာခေါင်းစည်းများ၊ ရေမလိုလက်သန့်စင်ဆေးရည်များနှင့် သွားတိုက်ဆေးဘူးများကို ကျောင်းအုပ်ကြီးထံသို့ ပေးအပ်သည်။

ထို့နောက် ကြွရောက်လာသည့် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် တက်ရောက်လာသော ဧည့်သည်တော်များက ကျောင်းသား ကျောင်းသူများကို သန်ချဆေးတိုက်ကျွေးခြင်း၊ ပျိုဖော်ဝင် ဆယ်ကျော်သက်ကျောင်းသူများအား သံဓာတ်အားဆေးပေးဝေခြင်းနှင့် သူငယ်တန်း ကျောင်းသား ကျောင်းသူများအား နို့ကြက်ဥပြုတ်နှင့် ငှက်ပျောသီးအာဟာရများ ပေးဝေကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ၏ စနစ်မှန်သွားတိုက်ခြင်း သရုပ်ပြခြင်းကို အားပေးကြည့်ရှုခြင်း၊ ကျောင်းစာကြည့်တိုက်တွင် ကျောင်းသား ကျောင်းသူများကို ကျန်းမာစေကြောင်း အလေ့အကျင့်ကောင်းများနှင့်ပတ်သက်၍ ဉာဏ်စမ်းမေးခွန်းများ မေးမြန်းခြင်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်း၊ ကျောင်းခန်းမရှေ့ရှိ စာသင်ခန်းများအတွင်းတွင် ကျောင်းသား ကျောင်းသူများက ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံးများ ရေးခြယ်သီကုံးနေမှုများကို လှည့်လည်အားပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများနှင့် အထိမ်းအမှတ် အခမ်းအနားများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာငွေအောင် အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ အပြန်အလှန်အသိအမှတ်ပြုရေးအစီအစဉ် အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်



နေပြည်တော် ဩဂုတ် ၁၁

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် အာဆီယံခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များအတွက် အပြန်အလှန်အသိအမှတ်ပြုရေးအစီအစဉ် (ASEAN Mutual Recognition Arrangements on Tourism Professional- ASEAN MRA-TP) ကို အဖွဲ့ဝင်နိုင်ငံများနှင့်အတူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ASEAN MRA-TP ကို မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ကျယ်ကျယ်ပြန့်ပြန့်ဖော်ဆောင်နိုင်စေရန်ရည်ရွယ်၍ ASEAN MRA-TP အသိပညာပေးဆွေးနွေးပွဲကို ယနေ့ ညနေပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ငွေအောင်၊ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အရာထမ်း/ အမှုထမ်းများ၊ နိုင်ငံအဆင့် ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များအဖွဲ့ (NTPB) နှင့် ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးအဖွဲ့ (TPCB) အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများမှ အရာထမ်း/ အမှုထမ်းများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာငွေအောင်က ASEAN MRA-TP သဘောတူညီချက်တွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်အကိုင် အမျိုးအစား ၃၂ မျိုးအပြင် ယခုအခါ MICE အလုပ်အကိုင် ၂၀ မျိုးနှင့် Event အလုပ်အကိုင် ၁၁ မျိုး၊ နောက်ထပ် ၃၂ မျိုးကို ထပ်တိုးအတည်ပြုသွားနိုင်ရေးအတွက် နောက်ဆက်တွဲ ပြင်ဆင်ချက် အခြေပြစာချုပ် Protocol to Amend the ASEAN MRA-TP ကို အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများက လှည့်လည်စာဖြင့် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းအခြေပြစာချုပ်အရ ASEAN MRA-TP ယန္တရားအောက်တွင် အလုပ်အကိုင် ၆၄ မျိုးအထိ ရှိလာမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ASEAN MRA-TP ကို အဓိက key player များဖြစ်သည့် အမျိုးသားအဆင့် Master Trainer နှင့် Master Assessor တို့က ဦးဆောင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ASEAN MRA-TP အကောင်အထည်ဖော်ဆောင်ရာတွင် အားသာချက်၊ အားနည်းချက်များ ရှိနေနိုင်သဖြင့် လိုအပ်ချက်များကိုလည်း ရှုထောင့်ပေါင်းစုံက ပြန်လည်လေ့လာစိစစ်ပြီး အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ သို့မှသာ အာဆီယံဒေသတွင်း ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် အခြားသောသဘောတူစာချုပ်များ၊ မူဘောင်များအရ အကောင်အထည်ဖော်ဆောင်မှု လုပ်ငန်းစဉ်များတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ဟန်ချက်ညီညီလိုက်ပါပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတွက် နယ်ပယ်အသီးသီးမှ တက်ရောက်နေကြသော တတ်သိပညာရှင်များက တက်ကြွစွာ ပါဝင်ဆွေးနွေး အကြံပြုကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန လေ့ကျင့်ရေးနှင့် ပညာပေးရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးနောင်နောင်လင်းအောင်က ASEAN MRA-TP အကောင်အထည်ဖော်ဆောင်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြမြသက်က ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ ရွှေ့ပြောင်းသွားလာမှုလွယ်ကူချောမွေ့စေရေး ဆောင်ရွက်နေမှုကိုလည်းကောင်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာပြည့်ကျော်သူက သက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပို့ချနေမှုကို လည်းကောင်း၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝင်းမင်းဖြိုးက ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာ ဆောင်ရွက်နေမှုကိုလည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆောက်လုပ်ရေးဝန်ကြီးဌာန ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၁**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ထမ်းများ၏သားသမီးများ ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်ကျောင်းများတွင် တက်ရောက်လျက်ရှိသည့် ဝန်ထမ်းသားသမီးများအတွက် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ ကျင်းပသည်။

**ဂုဏ်ပြုချီးမြှင့်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက ယနေ့အခမ်းအနားတွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ဝန်ထမ်းသားသမီးများထဲမှ ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် လေးဦး၊ လေးဘာသာဂုဏ်ထူးရှင် ငါးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ငါးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၂ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၃၀၊ ရိုးရိုးအောင်မြင်သူ ၈၀ စုစုပေါင်း ၁၃၈ဦး အောင်မြင်ခဲ့သည့်အတွက် ယခုလို ချီးမြှင့်ထိုက်သူများကို ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း။

ယနေ့ ဂုဏ်ပြုဆုတက်ရောက်ယူသည့် ကျောင်းသား ကျောင်းသူများ အပါအဝင် တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ကျောင်းသား ကျောင်းသူများ အနေဖြင့် နိုင်ငံတော်အကျိုး၊ အများပြည်သူအကျိုးကို သယ်ပိုးထမ်းရွက်နိုင်သူများဖြစ်အောင် ကြိုးစားစေလိုကြောင်း၊ မိမိတို့ဘဝ တိုးတက်အောင်မြင်ရေးအတွက် ရည်မှန်းချက်၊ ရည်ရွယ်ချက်များထားရှိပြီး အောင်မြင်ရေးလမ်းကြောင်းမှန်ရောက်ရှိအောင် တစိုက်မတ်မတ်ကြိုးစားလျှောက်လှမ်းရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ခြောက်ဘာသာဂုဏ်ထူးရှင်တို့ကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်စိမ့်နီခင်က ငါးဘာသာဂုဏ်ထူးရှင်တစ်ဦးကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်ကျောင်းများတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ဝန်ထမ်းသားသမီးများအတွက် ပညာသင် ထောက်ပံ့စရိတ်များကို အဆောက်အဦ၊ လမ်း၊ တံတားနှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနတို့မှ ကိုယ်စားလှယ်များထံ လည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့် ဇနီးတို့က ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦးကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ယင်းနောက် တာဝန်ရှိသူများက လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာနှင့် ရိုးရိုးအောင်မြင်သူများအတွက် ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ထို့နောက် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မမေသံလွင်ကျော်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယနေ့ကျင်းပသော အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများနှင့် ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းများတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ဝန်ထမ်း သားသမီး ၁၂၇၁ ဦးအတွက် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။




ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ရွေးချယ်ပြီး ဆောက်လုပ်ရေးဝန်ကြီး ဌာနတွင် တာဝန်ပေးအပ်ခဲ့သည့် ဦးစီးအရာရှိ (စီမံ / ဘဏ္ဍာရေး / ဥပဒေ / ဗိသုကာ / မြို့ပြ / စက်မှု) နှင့် လက်ထောက်အင်ဂျင်နီယာ (မြို့ပြ / ရေသန့် / လျှပ်စစ်) များကို ကြိုဆိုတွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ မူဝါဒများ ၊ ရည်မှန်းချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်နှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ ပါတီ၊ နိုင်ငံရေး ကင်းရှင်းပြီး ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ လိုက်နာနေထိုင်ရေး၊ နိုင်ငံတော်နှင့် ဝန်ကြီးဌာနအပေါ် သစ္စာရှိရန်နှင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ရေးတို့နှင့် ပတ်သက်၍ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အင်္ဂလိပ်စာစွမ်းရည်မြှင့်တင်ရေးသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၁**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန အင်္ဂလိပ်စာစွမ်းရည် မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၁)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းနည်းပြနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**စဉ်ဆက်မပြတ် လေ့လာသင်ယူ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုဖွင့်လှစ်သည့်သင်တန်းသည် ဝန်ကြီးဌာနရှိ အင်္ဂလိပ်စာအခြေခံကောင်းသူများကို စိစစ်ရွေးထုတ်၍ အင်္ဂလိပ်စာစွမ်းရည်အဆင့်မြှင့်တင် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အင်္ဂလိပ်စာကိုလေ့လာရာတွင် “Never too late to learn- ပညာလို အိုသည်မရှိ”၊ “Lifelong Learning -ဘဝတစ်လျှောက်လုံး လေ့လာမှုများ ပြုလုပ်နေရမည်” ဖြစ်ကြောင်း၊ အင်္ဂလိပ်စာကို အမှန်တကယ် ကျွမ်းကျင်ပိုင်နိုင်စေရေးအတွက် ယခုသင်တန်းအပေါ် အခြေခံ၍ စဉ်ဆက်မပြတ် လေ့လာသင်ယူမှုများ ပြုလုပ်သွားမည်ဆိုပါက ပိုမိုစွမ်းရည်ပြည့်ဝသော အရာထမ်း၊ အမှုထမ်းများ ဖြစ်လာကြမည်ဟု ယုံကြည်ကြောင်း၊ လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများကို လက်တွေ့နယ်ပယ်တွင် ပြန်လည်အသုံးချနိုင်ရေး



အတွက် ဆက်လက်ကြိုးစားသွားကြရန် အလေးအနက် မှာကြားလိုကြောင်း၊ အင်္ဂလိပ်စာကို မိမိကိုယ်ပိုင်အချိန်များတွင်လည်း အင်တာနက်အပါအဝင် နေရာစုံမှ ဆက်လက်လေ့လာသွားကြရန်နှင့် အင်္ဂလိပ်စာကျွမ်းကျင်မှုမှတစ်ဆင့် သက်ဆိုင်ရာ ပညာရပ်နယ်ပယ်များကို ကျွမ်းကျင်ပိုင်နိုင်မှုရှိရန် ကြိုးစားကြစေလိုကြောင်း၊ အပြန်အလှန် သင်ယူခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများကို အစဉ်တစိုက် ဆောင်ရွက်ကြပြီး မိမိဘဝ တိုးတက်ရေး၊ မိမိဌာန တိုးတက်ရေးမှသည် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအထိ သယ်ပိုးဆောင်ရွက်သွားကြ စေလိုကြောင်း ပြောကြားသည်။

**ဂုဏ်ပြုဆုချီးမြှင့်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းနည်းပြအား ဂုဏ်ပြုအမှတ်တရ လက်ဆောင်ပေးအပ်ပြီး သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးအား သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ ဆုရရှိသည့် သင်တန်းသူ သုံးဦးအား ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သာယာဝတီခရိုင်အတွင်း မိုးစပါး ၅၁၇၄၅၆ ဧက စိုက်ပျိုးနိုင်ခဲ့



**သာယာဝတီ ဩဂုတ် ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်း၂၀၂၂-၂၀၂၃ ခုနှစ်တွင် မိုးစပါး ၅၁၇၄၅၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် မိုးအနည်းငယ် လျော့နည်းရွာသွန်းခဲ့သော်လည်း လက်ရှိအခြေအနေတွင် မိုးရေပြည့်စုံ၍ မိုးစပါးစိုက်ခင်းများ ကောင်းမွန်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးပြီးဖြစ်သော မိုးစပါးစိုက်ခင်းများ အောင်ရေထိန်းသိမ်းရန် ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကြီးကြပ်မှုကော်မတီများက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် သာယာဝတီမြို့နယ် ကျွန်းကုန်းအုပ်စု ကျွန်းကုန်းကျေးရွာ ကွင်းအမှတ်(၁၂၀၁)ရှိ တောင်သူ ဒေါ်မော်မော်တင့်၏ မိုးစပါးဆင်းသုခ ကိုးဧက စိုက်ခင်းတွင် ကန်သင်းဆင့်ခြင်း၊ ကတွတ်ပေါက်ပိတ်ခြင်း၊ ထူးပေါက်ပိတ်ခြင်း စသည့်အောင်ရေထိန်းလုပ်ငန်းများ ဆောင်ရွက်မှုကို သာယာဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းဟိုနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများ ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ထိုင်ဝမ်ကျွန်းဆိုတာ တရုတ်နိုင်ငံရဲ့ တစ်စိတ်တစ်ပိုင်းဆိုတဲ့ အမှန်တရားနဲ့ ကမ္ဘာ့နိုင်ငံများက ဝိုင်းဝန်းထောက်ပံ့ပေးသင့်တဲ့ တရုတ်အစိုးရရဲ့ နိုင်ငံတော် ပြန်လည်ပေါင်းစည်းရေး ကြိုးပမ်းမှု

ထက်မြတ်

ထိုင်ဝမ်ကျွန်းဆိုတာ ပစိဖိတ်သမုဒ္ဒရာ အနောက်မြောက်ပိုင်း အရှေ့ပင်လယ်နဲ့ တောင်တရုတ်ပင်လယ်တို့ဆုံရာ နေရာမှာရှိတဲ့ ကျွန်းတစ်ကျွန်းဖြစ်ပါတယ်။ သူ့ကိုအရင်တုန်းက ဖော်မိုဆာကျွန်းဆိုပြီး ခေါ်ခဲ့ပါသေးတယ်။

ဖော်မိုဆာကျွန်းဆိုတာ ကျွန်တော်တို့ မြန်မာတွေနားနဲ့ အစိမ်းသက်သက်မဟုတ်ပါဘူး။ မြန်မာနိုင်ငံ လွတ်လပ်ရေးမရခင်တုန်းက ရဲဘော်သုံးကျိပ်ဟာ အဲဒီအချိန်တုန်းက ဂျပန်လက်အောက်မှာရှိတဲ့ ဖော်မိုဆာကျွန်းကိုသွားပြီး စစ်ပညာသင်ယူလေ့ကျင့်ခဲ့တဲ့နေရာလည်းဖြစ်ပါတယ်။

ယနေ့အချိန်မှာတော့ ထိုင်ဝမ်ကျွန်းဟာ အင်အားကြီးထွားလာတဲ့ တရုတ်နိုင်ငံကို ထိန်းချုပ်ဖို့ကြိုးပမ်းနေတဲ့ အနောက်အုပ်စုရဲ့ ကြားခံစစ်တလင်းအဖြစ်ကို မသိမသာရောက်ရှိလာပါပြီ။ ဘာကြောင့်ပါလဲ။

ထိုင်ဝမ်ကျွန်းဆိုတာ တရုတ်နိုင်ငံရဲ့ ဖဲ့ထုတ်မရနိုင်တဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း တရုတ်နိုင်ငံက အခိုင်အမာပြောထားသလို ထိုင်ဝမ်ကျွန်းကလည်း သူတို့ဟာ လွတ်လပ်တဲ့နိုင်ငံဖြစ်ကြောင်း နိုင်ငံတကာရဲ့ အသိအမှတ်ပြုမှုကို ရယူနိုင်ရေး ကြိုးပမ်းပြီး တရုတ်ပြည်မကြီးကနေ ခွဲထွက်လိုနေတဲ့အတွက်ဖြစ်ပါတယ်။

ဒီအချိန်မှာ နိုင်ငံတော်စည်းလုံးညီညွတ်မှုပြိုကွဲရင် ပြန်လည်ပေါင်းစည်းရေးလုပ်ပေးမယ့်အစား သူတို့ရဲ့အကျိုးစီးပွားအတွက် အသုံးချဖို့ အသင့်စောင့်နေကြတဲ့ အနောက်အုပ်စုမှအင်အားကြီးနိုင်ငံများကလည်း အဆင်သင့်ပါပဲ။ နွားကွဲ ရင်ကျားဆွဲမယ်ဆိုတဲ့ စကားပုံအတိုင်းပေါ့။

ဒါကြောင့် တရုတ်ကွန်မြူနစ်ပါတီက ထိုင်ဝမ်ပုစ္ဆာကို ဖြေရှင်းပြီး အပြည့်အဝ ပြန်လည်ပေါင်းစည်းရေးကို ယနေ့အချိန်အထိတိုင် တစိုက်မတ်မတ် လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။

ဒီအတွက်လည်း တရုတ်အစိုးရအဆက်ဆက်က ထိုင်ဝမ်ကျွန်းအရေးနဲ့ပတ်သက်ပြီး စက္ကူဖြူစာတမ်းလို့ခေါ်တဲ့ မူဝါဒသဘောထားစာတမ်းသုံးစောင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။

ပထမအကြိမ်က ၁၉၉၃ ခုနှစ် ဩဂုတ်လမှာဖြစ်ပြီး ဒုတိယအကြိမ်က ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလမှာ ဖြစ်ပါတယ်။ အခုနောက်ဆုံး တတိယအကြိမ်ကိုတော့ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၀ ရက်မှာ ထုတ်ပြန်လိုက်တာပါ။

ကျွန်တော့်အနေနဲ့ အခုနောက်ဆုံးထုတ်ပြန်တဲ့ တရုတ်အစိုးရရဲ့ ထိုင်ဝမ်ကျွန်းအရေး စက္ကူဖြူစာတမ်းမှာ ဘာတွေဖော်ပြထားတယ်။ ဘယ်လိုသဘောတရားတွေ ပါဝင်တယ်ဆိုတာကို အကျဉ်းချုပ်သုံးသပ်တင်ပြသွားမှာ ဖြစ်ပါတယ်။

အခုစာတမ်းရဲ့ ခေါင်းစဉ်ကိုတော့ ခေတ်သစ်ကာလ ထိုင်ဝမ်ပုစ္ဆာနဲ့ တရုတ်နိုင်ငံရဲ့ ပြန်လည်ပေါင်းစည်းရေးလို့ အမည်ပေးထားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီထိုင်ဝမ်ရေးရာရုံးနဲ့ နိုင်ငံတော်ကောင်စီပြန်ကြားရေးရုံးတို့က ထုတ်ပြန်ထားတာပါ။ ဒီစာတမ်းမှာ နိဒါန်း၊ အခန်းငါးခန်းနဲ့ နိဂုံးဆိုပြီး ပါဝင်ပါတယ်။

အခန်းငါးခန်းရဲ့ ခေါင်းစဉ်တွေကို ပြောရရင် (၁) ထိုင်ဝမ်က တရုတ်နိုင်ငံရဲ့တစ်စိတ်တစ်ပိုင်းဆိုတာ မငြင်းနိုင်တဲ့အမှန်တရား၊ (၂) တရုတ်နိုင်ငံရဲ့ အပြည့်အဝပြန်လည်ပေါင်းစည်းရေးကို သိရှိစေဖို့ CPC ရဲ့ခိုင်မာတဲ့ ကြိုးပမ်းအားထုတ်မှု၊ (၃) တရုတ်နိုင်ငံရဲ့ အပြည့်အဝပြန်လည်ပေါင်းစည်းရေးဆိုတာ ဘယ်သူမှ ရပ်တန့်ခြင်းငှာ မစွမ်းသာတဲ့ လုပ်ငန်းစဉ်တစ်ခု၊ (၄) ခေတ်သစ်ကာလ နိုင်ငံတော်ပြန်လည်ပေါင်းစည်းရေးနဲ့ (၅) ငြိမ်းချမ်းစွာပြန်လည်ပေါင်းစည်းရေးအတွက် လင်းလက်တောက်ပနေတဲ့ အလားအလာတို့ပဲ ဖြစ်ပါတယ်။




**နိဒါန်း**

ထိုင်ဝမ်ပုစ္ဆာကို ဖြေရှင်းခြင်းနဲ့ တရုတ်နိုင်ငံရဲ့ အပြည့်အဝပြန်လည်ပေါင်းစည်းရေးကို နားလည်သိရှိခြင်းဆိုတာ တရုတ်နိုင်ငံတော်ကြီးရှိ သားသမီးများအားလုံးရဲ့ တူညီပြင်းပြတဲ့ ရည်မှန်းချက်ဆန္ဒဖြစ်ပါတယ်။ ဒါဟာ တရုတ်နိုင်ငံရဲ့ သွေးသစ်လောင်းမှုကို နားလည်သဘောပေါက်သိရှိစေရေးအတွက် မရှိမဖြစ်လည်း ဖြစ်ပါတယ်။ ဒါ့အပြင် တရုတ်ကွန်မြူနစ်ပါတီ (CPC) ရဲ့ သမိုင်းပေးတာဝန်ကြီးတစ်ရပ်လည်းဖြစ်သလို ဒီရည်မှန်းချက်ကို ရရှိအောင်မြင်စေရေးအတွက် CPC၊ တရုတ်အစိုးရနဲ့ တရုတ်ပြည်သူများအားလုံးက ဆယ်စုနှစ်ပေါင်းများစွာကြာ အားသွန်ခွန်စိုက် ကြိုးပမ်းလျက်ရှိပါတယ်ဆိုပြီး စက္ကူဖြူစာတမ်းရဲ့ နိဒါန်းအနေနဲ့ ဖော်ပြထားတာကို တွေ့ရပါတယ်။

၂၀၁၂ ခုနှစ်မှာ ကျင်းပတဲ့ (၁၈) ကြိမ်မြောက် အမျိုးသားညီလာခံက တရုတ်မှု တရုတ်ဟန်ဖြင့် ဆိုရှယ်လစ်စနစ်ကို ထူထောင်ရာမှာ ခေတ်သစ်ကာလတစ်ခုကို ရောက်ရှိပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ရှီကျင့်ဖျင်ကို မဏ္ဍိုင်ပြုကာ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီရဲ့ ခိုင်မာတဲ့ ခေါင်းဆောင်မှုအောက်မှာ CPC နဲ့ တရုတ်အစိုးရတို့က ထိုင်ဝမ်အရေးနဲ့ပတ်သက်ပြီး တီထွင်ဆန်းသစ်တဲ့ နည်းလမ်းအသစ်တွေကို ဖော်ထုတ်ခဲ့ပါတယ်။ သူတို့က ရေလက်ကြားဖြတ်ကျော်ဆက်ဆံရေး၊ ထိုင်ဝမ်ရေလက်ကြားတစ်လျှောက် ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို ထိန်းသိမ်းနိုင်ရေး၊ နိုင်ငံတော်ပြန်လည်ပေါင်းစည်းရေးဆီသို့ တိုးမြှင့်ရေးတို့အတွက် လျှောက်ရမယ့်လမ်းကြောင်းကိုလည်း ဆက်လက်ရေးဆွဲခဲ့ပါတယ်။

ဒါပေမဲ့ မကြာသေးမီနှစ်များအတွင်းက ဒီမိုကရက်တစ်တိုးတက်သောပါတီ (DPP) ဦးဆောင်တဲ့ ထိုင်ဝမ်တာဝန်ရှိသူများဟာ နိုင်ငံကို နှစ်ခြမ်းကွဲစေရေးအတွက် ပိုမိုအားစိုက် လုပ်ဆောင်လာတဲ့အပြင် တချို့သော ပြင်ပအင်အားစုများကလည်း တရုတ်နိုင်ငံကိုထိန်းချုပ်နိုင်ရေးအတွက် ထိုင်ဝမ်ကို အသုံးချဖို့ ကြိုးပမ်းလာကာ တရုတ်နိုင်ငံအနေနဲ့ အပြည့်အဝ ပြန်လည်ပေါင်းစည်းရေးကို မရရှိစေဖို့ ဟန့်တားပြီး နိုင်ငံတော် သွေးသစ်လောင်းမှုလုပ်ငန်းစဉ်ကိုလည်း ရပ်ဆိုင်းစေခဲ့ပြန်ပါတယ်။

တရုတ်အစိုးရအနေနဲ့ ထိုင်ဝမ်အရေးနဲ့ ပတ်သက်ပြီး စက္ကူဖြူစာတမ်းနှစ်စောင်ထုတ်ပြန်ခဲ့ပြီးဖြစ်ကာ အဲဒီနှစ်စောင်စလုံးက ထိုင်ဝမ်ပုစ္ဆာကို ဖြေရှင်းမှုနဲ့ပတ်သက်ပြီး အခြေခံသဘောတရားတွေ၊ မူဝါဒတွေကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ အသေးစိတ်ကျကျ ဖော်ပြခဲ့ပါတယ်။

အခုထုတ်ပြန်တဲ့စာတမ်းကတော့ ထိုင်ဝမ်ကျွန်းဆိုတာ တရုတ်နိုင်ငံရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်းကို ထပ်လောင်းပြောဆိုဖို့၊ CPC နဲ့တရုတ်ပြည်သူများက နိုင်ငံတော်ပြန်လည်ပေါင်းစည်းရေးအတွက် သူတို့ပေးထားတဲ့ ကတိအပေါ် ဖြေရှင်းမှုကို ဖော်ညွှန်းဖို့နဲ့ ခေတ်သစ်ကာလမှာ CPC နဲ့တရုတ်အစိုးရတို့ရဲ့ ရပ်တည်ချက်နဲ့ မူဝါဒများကို အလေးပေးပြောဆိုဖို့အတွက် ဖြစ်ပါတယ်။

**ထိုင်ဝမ်က တရုတ်နိုင်ငံရဲ့ တစ်စိတ်တစ်ပိုင်းဆိုတာ မငြင်းနိုင်တဲ့ အမှန်တရား**

ထိုင်ဝမ်ကျွန်းဆိုတာ ရှေးတုန်းကတည်းက တရုတ်နိုင်ငံပိုင်နယ်နိမိတ်ဖြစ်ပါတယ်။ ဒီအကြောင်းကို ပြောရမယ်ဆိုရင် သမိုင်းကြောင်းနဲ့ ဥပဒေနည်းလမ်းတို့အရ ပြောရပါလိမ့်မယ်။

ဆွေမင်းဆက်တုန်းက တော်ဝင်ခုံရုံးဟာ အဲဒီအချိန်တုန်းက လူချူလို့ခေါ်တဲ့ ယနေ့ထိုင်ဝမ်ကျွန်းကို စစ်သည်တွေ စေလွှတ်ခဲ့ပါတယ်။ ဆုန်မင်းဆက်နဲ့ ယွမ်မင်းဆက်တို့ခေတ်မှာတော့ တရုတ်အင်ပါယာအစိုးရများက ဖန်းဟူနဲ့ ထိုင်ဝမ်ကျွန်းတို့မှာ တရားစီရင်ရေးကိုကျင့်သုံးနိုင်ရေးအတွက် အုပ်ချုပ်ရေးအဖွဲ့တွေကို စေလွှတ်ခဲ့ပါတယ်။

၁၆၂၄ ခုနှစ်မှာ ဒတ်(ချ်)လူမျိုးများက ထိုင်ဝမ်ကျွန်းတောင်ပိုင်းကို ကျူးကျော်သိမ်းပိုက်ခဲ့ပေမယ့် ၁၆၆၂ ခုနှစ်မှာ ဗိုလ်ချုပ်ကြီး ကျန်းချန်းကောင်းက သူရဲကောင်းတစ်ယောက်အနေနဲ့ နယ်ချဲ့တွေကို တွန်းလှန်တိုက်ထုတ်နိုင်ခဲ့ပါတယ်။ ၁၆၈၄ ခုနှစ်မှာ ထိုင်ဝမ်ကျွန်းဟာ ဖူကျန်းပြည်နယ်လက်အောက်မှာရှိတဲ့ စီရင်စုတစ်ခုသာဖြစ်ခဲ့ပေမယ့် ၁၈၈၅ ခုနှစ်မှာတော့ တရုတ်နိုင်ငံရဲ့ အခု ၂၀ မြောက်ပြည်နယ်အဖြစ်ကို တိုးမြှင့်ခြင်းခံခဲ့ရပါတယ်။

၁၈၉၄ ခုနှစ်မှာ ဂျပန်တို့က တရုတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ပြီး ၁၈၉၅ ခုနှစ်မှာ စစ်ရှုံးတဲ့ ချင်မင်းဆက်က ဖန်းဟူနဲ့ ထိုင်ဝမ်ကျွန်းတို့ကို ဂျပန်တို့လက် အပ်လိုက်ရပါတယ်။ ၁၉၄၃ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှာတော့ တရုတ်၊ အမေရိကန်နဲ့ ဗြိတိန်တို့က သုံးနိုင်ငံမဟာမိတ်ဖွဲ့ပြီး တရုတ်နိုင်ငံဆီကနေ ဂျပန်တို့ ခိုးယူထားတဲ့ နယ်မြေများအားလုံး ပြန်လည်သိမ်းပိုက်ဖို့အတွက် ရည်ရွယ်ကာ ကိုင်ရိုကြေညာချက်ကို ထုတ်ပြန်ခဲ့ပါတယ်။

၁၉၄၅ ခုနှစ် စက်တင်ဘာလမှာ ဂျပန်က စစ်ရှုံးကြောင်း ကြေညာချက်ကို လက်မှတ်ထိုးပြီး တစ်ဆက်တည်းမှာပဲ မဟာမိတ်သုံးနိုင်ငံနဲ့ ဆိုဗီယက်ပြည်ထောင်စုတို့ သဘောတူ အတည်ပြုထားတဲ့ ကြေညာချက်တွေကို အပြည့်အဝ လိုက်နာသွားမယ်လို့ ကတိပေးတာကြောင့် အောက်တိုဘာလ ၂၅ ရက်မှာ တရုတ်အစိုးရက ထိုင်ဝမ်ကျွန်းအပေါ် အုပ်ချုပ်ရေးအာဏာကို ပြန်လည်ကျင့်သုံးနိုင်ခဲ့ပါတယ်။

ဒါကြောင့် သဘောသဘာဝအရ ပြောရမယ်ဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ထိုင်ဝမ်ကျွန်းအပါအဝင် တရုတ်တစ်နိုင်ငံလုံးရဲ့ အချုပ်အခြာအာဏာကို အပြည့်အဝ ကျင့်သုံးပိုင်ခွင့်ရှိပါတယ်။

၁၉၄၀ ပြည့်နှစ်အလွန်ကာလမှာ တရုတ်ပြည်တွင်းစစ်ဖြစ်ပွားမှုနဲ့ ပြင်ပအင်အားစုတွေရဲ့ ကြားဝင်စွက်ဖက်မှုကြောင့် ထိုင်ဝမ်ရေလက်ကြားရဲ့ ဟိုဘက်၊ ဒီဘက်မှာရှိတဲ့ နှစ်ဖက်စလုံးက ရေရှည်နိုင်ငံရေးထိပ်တိုက်ရင်ဆိုင်မှုဆိုတဲ့ အခြေအနေတစ်ခုဆီကို ကျဆင်းသွားရပါတယ်။ ဒါပေမဲ့လည်း တရုတ်နိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ ပိုင်နက်နယ်မြေကတော့ ဘယ်တုန်းကမှ ခွဲထွက်သွားရတာမရှိသလို ခွဲထွက်လာမှုကိုလည်း ဘယ်တော့မှ ခွင့်ပြုသွားမှာမဟုတ်ပါဘူး။

၁၉၇၁ ခုနှစ်မှာ ကျင်းပတဲ့ (၂၆)ကြိမ်မြောက် ကုလသဂ္ဂအထွေထွေညီလာခံရဲ့ ဆုံးဖြတ်ချက်အမှတ် (၂၇၅၈)မှာဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ အစိုးရကိုသာ ကုလသမဂ္ဂမှာကိုယ်စားလှယ်ထားခွင့်ပေးပြီး ချန်ကေရှိတ်တို့ရဲ့ ကိုယ်စားလှယ်အဖွဲ့ကိုတော့ ကုလသမဂ္ဂကနေ နှင်ထုတ်ကြောင်း ဖော်ပြထားပါတယ်။ ဒါ့အပြင် ထိုင်ဝမ်ကျွန်းပါဝင်တဲ့ တရုတ်နိုင်ငံသည် တစ်နိုင်ငံတည်းသာရှိပြီး တရုတ်နိုင်ငံ နှစ်နိုင်ငံမရှိကြောင်း၊ ဒါမှမဟုတ် တရုတ်တစ်နိုင်ငံ၊ ထိုင်ဝမ်တစ်နိုင်ငံဟူ၍ မရှိကြောင်းကိုလည်း အတိအလင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ဒါတင်မကသေးပါဘူး။ ကုလသမဂ္ဂက ထိုင်ဝမ်ကိုလည်း တရုတ်နိုင်ငံရဲ့ ပြည်နယ်တစ်ခုအဖြစ်နဲ့သာ သတ်မှတ်ရည်ညွှန်းခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် တရုတ်တစ်နိုင်ငံတည်းဆိုတဲ့ အခြေခံသဘောတရားဟာ တစ်ကမ္ဘာလုံးအတိုင်းအတာအနေနဲ့ လက်ခံထားတဲ့အမှန်တရားဖြစ်ပြီး ဒီကနေ့အချိန်အထိ အဲဒီအခြေခံသဘောတရားကို လက်ခံကာ တရုတ်နိုင်ငံနဲ့တရားဝင် သံတမန်ဆက်ဆံရေးထူထောင်ထားတဲ့ နိုင်ငံစုစုပေါင်းက အမေရိကန်အပါအဝင် ၁၈၁ နိုင်ငံရှိပါတယ်။ ၁၉၇၈ ခုနှစ် ဒီဇင်ဘာလမှာ ထုတ်ပြန်တဲ့ တရုတ်-အမေရိကန် တရားဝင်သံတမန်ဆက်ဆံရေးထူထောင်မှု ပူးတွဲသဘောတူကြေညာချက်မှာဆိုရင်လည်း "တရုတ်နိုင်ငံဆိုတာ တစ်နိုင်ငံတည်းသာရှိပြီး ထိုင်ဝမ်ဆိုတာ တရုတ်နိုင်ငံရဲ့ အစိတ်အပိုင်းဖြစ်တယ်ဆိုတဲ့ အချက်ကို အမေရိကန်ပြည်ထောင်စုအစိုးရက အသိအမှတ်ပြုကြောင်းနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏အစိုးရကိုသာ တရုတ်နိုင်ငံ၏ တစ်ခုတည်းသော တရားဝင်အစိုးရအဖြစ် သတ်မှတ်ကြောင်း" ဖော်ပြထားပါသေးတယ်။

တရုတ်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ခွဲထွက်ခွင့်တားမြစ်ဥပဒေ၊ အမျိုးသားလုံခြုံရေးဥပဒေတို့မှာလည်း ထိုင်ဝမ်ကျွန်းဟာ တရုတ်နိုင်ငံရဲ့ လက်အောက်မှာသာရှိကြောင်း ဖော်ပြထားပါတယ်။

ဒီအတွက်ကြောင့် သမိုင်းကြောင်းအရပဲ ပြောမလား၊ တရားဥပဒေအရပဲဆိုမလား ထိုင်ဝမ်ကျွန်းဆိုတာ တရုတ်နိုင်ငံရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တယ်ဆိုတာကတော့ မငြင်းနိုင်တဲ့အမှန်တရားပဲဖြစ်ပါတယ်။ ထိုင်ဝမ်ကျွန်းဆိုတာ ဘယ်တုန်းကမှ နိုင်ငံတစ်နိုင်ငံမဖြစ်ခဲ့သလို တရုတ်နိုင်ငံရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တယ်ဆိုတဲ့အချက်ကိုလည်း ပြောင်းလဲနိုင်မှာမဟုတ်ပါဘူး။ တကယ်လို့များ ဒီအမှန်တရားကို ပုံပျက်အောင်လုပ်မယ် ဒါမှမဟုတ် တရုတ်တစ်နိုင်ငံတည်းဆိုတဲ့ အခြေခံသဘောတရားကို ငြင်းပယ်မယ်ဆိုရင် အဲဒီလိုလုပ်ဖို့ ကြိုးစားမှုတွေအားလုံးဟာ နောက်ဆုံးမှာ အရှုံးနဲ့သာ ရင်ဆိုင်ရမှာဖြစ်ပါတယ်။

စာမျက်နှာ ၁၁ သို့ ☆

☆ စာမျက်နှာ ၁၀ မှ

### တရုတ်နိုင်ငံရဲ့ အပြည့်အဝပြန်လည် ပေါင်းစည်းရေးကို သိရှိစေဖို့ CPC ရဲ့ ခိုင်မာတဲ့ ကြိုးပမ်းအားထုတ်မှု

တရုတ်ကွန်မြူနစ်ပါတီက တရုတ်ပြည်သူလူထု တစ်ရပ်လုံးကောင်းစားရေးနဲ့ နိုင်ငံတော်ကိုသွေးသစ်လောင်းရေးအတွက် အမြဲတမ်းကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ တရုတ်ကွန်မြူနစ်ပါတီ စတင်တည်ထောင်ပြီးတဲ့ ၁၉၂၁ ခုနှစ်ကစပြီး CPC ဟာ ထိုင်ဝမ်ကျွန်းကို နယ်ချဲ့ကိုလိုနီလက်အောက်က လွတ်မြောက်ရေး၊ ထိုင်ဝမ်ကျွန်းကို တရုတ်ပြည်မကြီးနဲ့ ပြန်လည်ပေါင်းစည်းရေးနဲ့ ထိုင်ဝမ်ကျွန်းရှိ တစ်နယ်တည်းသားများအပါအဝင် တစ်နိုင်ငံလုံး သူ့ကျွန်ဘဝကနေ လွတ်မြောက်စေဖို့အတွက် ရည်မှန်းပြီး အားတက်သရော ကြိုးပမ်းဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ထူထောင်တဲ့ ၁၉၄၉ ခုနှစ်ပြီးနောက် မော်စီတုံးဦးဆောင်တဲ့ တရုတ်ကွန်မြူနစ်ပါတီဟာ ထိုင်ဝမ်ပုစ္ဆာကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရေးအတွက် အရေးကြီးတဲ့ လမ်းညွှန်ချက်တွေ အဆိုပြုခြင်း၊ အခြေခံသဘောတရားတွေချမှတ်ခြင်း၊ အခြေခံမူဝါဒချမှတ်ခြင်း တို့ကို လုပ်ဆောင်ခဲ့ပါတယ်။ ဒီအတွက်ကြောင့် ထိုင်ဝမ်တာဝန်ရှိသူတွေက တရုတ်ပြည်မကြီးကို တိုက်ခိုက်မယ့်အစီအစဉ်ကို ရှောင်လွှဲနိုင်ခဲ့သလို တရုတ်နှစ်နိုင်ငံ ဒါမှမဟုတ် တရုတ်တစ်နိုင်ငံနဲ့ ထိုင်ဝမ်တစ်နိုင်ငံ ဖြစ်လာစေရေး ကြိုးပမ်းချက်များကို ဟန့်တားနိုင်ခဲ့ ပါတယ်။ အကျိုးရလဒ်အနေနဲ့က တော့ ကုလသမဂ္ဂမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုသာ တရားဝင် အသိအမှတ်ပြုနေရာပေးပြီး တရုတ်တစ်နိုင်ငံတည်းဆိုတဲ့ အခြေခံသဘောတရားကိုလည်း အင်အားကြီးနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအများစုက အသိအမှတ်ပြုခဲ့တာဖြစ်ပါတယ်။

၁၉၇၈ ခုနှစ် တရုတ်နဲ့အမေရိကန်ပြည်ထောင်စုတို့ကြား သံတမန်ဆက်ဆံရေး တရားဝင်ထူထောင်ပြီးနောက် တိန့်ရှောင်ဖိန်ဦးဆောင်တဲ့ တရုတ်ကွန်မြူနစ်ပါတီဟာ ထိုင်ဝမ်အရေးနဲ့ပတ်သက်ပြီး ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းရေးအတွက် အခြေခံလမ်းညွှန်ချက်ကို ချမှတ်ကာ အဲဒီအချိန်တုန်းက ဆန်းသစ်မှုရှိတဲ့ စိတ်ကူးတစ်ခုကိုလည်း ထုတ်ဖော်မိတ်ဆက်ခဲ့ပါသေးတယ်။ အဲဒီစိတ်ကူးကတော့ တစ်နိုင်ငံ၊ အုပ်ချုပ်မှုစနစ်နှစ်မျိုးဖြစ်ပါတယ်။ အဲဒီစိတ်ကူးအတိုင်းပဲ ဟောင်ကောင်နဲ့ မကာအိုအရေးကိစ္စတွေကို အောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့ပါတယ်။ ပြီးတဲ့နောက် ထိုင်ဝမ်ရေလက်ကြားမှာ စစ်ရေးအရ ထိပ်တိုက်တွေ့ဆုံမှုကို လျှော့ချနိုင်ရေးအတွက် ထိုင်ဝမ်နဲ့ဆက်သွယ်မှုပြန်ယူခြင်း၊ ပြည်သူအချင်းချင်း ကူးလူးဖလှယ်ကာ ပူးပေါင်းဆောင်ရွက်ခြင်း၊ ရေလက်ကြားဖြတ်ကျော်ဆက်ဆံရေးအတွက် အခန်းကဏ္ဍအသစ်ကို ဖွင့်လှစ်ခြင်းတို့ လုပ်ဆောင်နိုင်ခဲ့ပါတယ်။

၁၉၈၉ ခုနှစ် ကျန်ဇီမင်ဦးဆောင်တဲ့ တရုတ်ပြည်သူ့ကွန်မြူနစ်ပါတီဗဟိုကော်မတီက ရေလက်ကြားဖြတ်ကျော်ဆက်ဆံရေး တိုးတက်စေရေးနဲ့ တရုတ်နိုင်ငံ ငြိမ်းချမ်းစွာပြန်လည်ပေါင်းစည်းရေးတို့အတွက် အဆိုပြုချက်ရှစ်ချက်ကို တင်သွင်းခဲ့ပါတယ်။ အဲဒီနောက် နှစ်ဖက်အဖွဲ့မှ အရပ်ဘက်အဖွဲ့အစည်းခေါင်းဆောင်များအကြား ဆွေးနွေးညှိနှိုင်းတိုင်ပင်ပူးပေါင်းဆောင်ရွက်မှုတွေ ရှိလာတာကိုတွေ့ရပါတယ်။ ဒါပေမဲ့ လီတန်းဟွေဦးဆောင်တဲ့ ထိုင်ဝမ်ကျွန်း လွတ်လပ်ရေးလှုပ်ရှားမှုကိုတော့ ထိရောက်စွာတုံ့ပြန်ခဲ့ပါတယ်။

အလားတူ ဟူကျင်းတောင်လက်ထက် တရုတ်ကွန်မြူနစ်ပါတီက ရေလက်ကြားဖြတ်ကျော်ဆက်ဆံရေး ငြိမ်းချမ်းစွာတိုးတက်မှုရဲ့ အရေးကြီးပုံကို ထောက်ပြခဲ့ပါတယ်။ ဒီအတွက် CPC နဲ့ ကူမင်တန်ပါတီတို့ကြားက ထိပ်ပိုင်းခေါင်းဆောင်တွေဟာ ဆယ်စုနှစ်ခြောက်ခုအတွင်း ပထမဆုံးအနေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေကိုလည်း လုပ်ဆောင်နိုင်ခဲ့သလို လွတ်လပ်ရေးအတွက် ဥပဒေကြောင်းအရ လုပ်ဇာတ်ခင်းတဲ့ ချန်ရွှေဗျန်းရဲ့လုပ်ဆောင်ချက်ကိုလည်း တားမြစ်နိုင်ခဲ့ပါတယ်။

လက်ရှိသမ္မတ ရှီကျင့်ဖျင်လက်ထက်မှာတော့ တရုတ်ကွန်မြူနစ်ပါတီက တစ်နိုင်ငံ၊ အုပ်ချုပ်မှုစနစ်နှစ်မျိုးမူဝါဒကို ဆက်လက်စွဲကိုင်ကာ နိုင်ငံတော်ပြန်လည်ပေါင်းစည်းရေးအတွက် တစိုက်မတ်မတ် ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်မှုအနေနဲ့ ရေလက်ကြားဖြတ်ကျော်ဆက်ဆံရေး ခိုင်မာစေဖို့နဲ့ တရုတ်နိုင်ငံရဲ့ ငြိမ်းချမ်းစွာပြန်လည်ပေါင်းစည်းရေးတို့အတွက် လမ်းကြောင်းခင်းနိုင်ဖို့ ဆောင်ရွက်ချက်အများအပြားကို လုပ်ဆောင်ခဲ့ပါသေးတယ်။ အဲဒီထဲမှာ ထိုင်ဝမ်ကျွန်းအပေါ် တရုတ်ပြည်မကြီးရဲ့ များပြားလှစွာသော ကူညီပေးမှုတွေလည်း ပါဝင်ပါတယ်။

### တရုတ်နိုင်ငံရဲ့ အပြည့်အဝပြန်လည်ပေါင်းစည်းရေးဆိုတာ ဘယ်သူမှ ရပ်တန့်ခြင်းငှာ မစွမ်းသာတဲ့ လုပ်ငန်းစဉ်တစ်ခု

တရုတ်ပြည်တွင်းရေးအခြေအနေနဲ့ နိုင်ငံတကာအခြေအနေများပြောင်းလဲမှုက တရုတ်အစိုးရရဲ့ အပြည့်အဝပြန်လည်ပေါင်းစည်းရေးလမ်းကြောင်းအပေါ် ကြီးစွာသောခြိမ်းခြောက်မှုများ ကျရောက်လာစေပါတယ်။ ဒါပေမဲ့ CPC နဲ့ တရုတ်အစိုးရတို့က ဒီလိုရှုပ်ထွေးလှတဲ့ အန္တရာယ်တွေကို ကျော်လွှားဖို့ ယုံကြည်ချက်နဲ့ ခွန်အားရှိတဲ့အပြင် နိုင်ငံတော်ပြန်လည်ပေါင်းစည်းရေးအတွက် လမ်းကြောင်းအပေါ်ကိုလည်း ရှေ့ဆက်လျှောက်လှမ်းသွားမှာ ဖြစ်ပါတယ်။

> **“လက်ရှိသမ္မတ ရှီကျင့်ဖျင်လက်ထက်မှာတော့ တရုတ်ကွန်မြူနစ်ပါတီက တစ်နိုင်ငံ၊ အုပ်ချုပ်မှုစနစ်နှစ်မျိုးမူဝါဒကို ဆက်လက်စွဲကိုင်ကာ နိုင်ငံတော်ပြန်လည်ပေါင်းစည်းရေးအတွက် တစိုက်မတ်မတ် ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်မှုအနေနဲ့ ရေလက်ကြားဖြတ်ကျော်ဆက်ဆံရေး ခိုင်မာစေဖို့နဲ့ တရုတ်နိုင်ငံရဲ့ ငြိမ်းချမ်းစွာပြန်လည်ပေါင်းစည်းရေးတို့အတွက် လမ်းကြောင်းခင်းနိုင်ဖို့ ဆောင်ရွက်ချက်အများအပြားကို လုပ်ဆောင်ခဲ့ပါသေးတယ်။ အဲဒီထဲမှာ ထိုင်ဝမ်ကျွန်းအပေါ် တရုတ်ပြည်မကြီးရဲ့ များပြားလှစွာသော ကူညီပေးမှုတွေလည်း ပါဝင်ပါတယ်”**

ဒီလို လျှောက်လှမ်းသွားဖို့အတွက်ရာမှာလည်း အကြောင်းအရာလေးရပ်ကို ချမှတ်ထားပါသေးတယ်။ အဲဒါတွေကတော့ နိုင်ငံတော်ကို သွေးသစ်လောင်းခြင်းအတွက် အပြည့်အဝပြန်လည်ပေါင်းစည်းရေးက အရေးကြီးတယ်ဆိုတဲ့အကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးက ရေလက်ကြားဖြတ်ကျော်ဆက်ဆံရေးအတွက် ဦးတည်ချက်ကို သတ်မှတ်တယ်ဆိုတဲ့အကြောင်း၊ ပြန်လည်ပေါင်းစည်းရေးကို ဟန့်တားတဲ့ ခွဲထွက်ရေးအဖွဲ့တွေရဲ့ မည်သည့်ကြိုးပမ်းမှုမဆို ကျရှုံးခြင်းနဲ့သာ အဆုံးသတ်ရမယ်ဆိုတဲ့အကြောင်းနဲ့ တရုတ်နိုင်ငံရဲ့ အပြည့်အဝပြန်လည်ပေါင်းစည်းရေးကို ကြားဝင်နှောင့်ယှက်တဲ့ပြင်ပအင်အားစုများအနေနဲ့ အတိအကျချေမှုန်းခံရမယ်ဆိုတဲ့အကြောင်းတို့ပဲ ဖြစ်ပါတယ်။

အထူးသဖြင့် ပြင်ပအင်အားစုတွေက တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို လျော့နည်းစေဖို့အတွက် ထိုင်ဝမ်ကျွန်းကို ပုစ္ဆန်ဆိတ်တစ်ကောင်လို အသုံးချနေပြီး တရုတ်နိုင်ငံရဲ့ သွေးသစ်လောင်းမှုကို ဟန့်တားနှောင့်ယှက်နေပါတယ်။ သူတို့တွေဟာ ထိုင်ဝမ်ပြည်သူတွေရဲ့ အသက်သွေးချွေး၊ အကျိုးစီးပွားနဲ့ အနာဂတ်တို့ကို လောင်းကြေးထပ်ပြီး သူတို့ရဲ့အကျိုးစီးပွားအတွက်သာ အကောင်အထည်ဖော်နေတာပါ။ ဒါ့အပြင် ပြင်ပအင်အားစုတွေဟာ ထိုင်ဝမ်ခွဲထွက်ရေးအင်အားစုတွေကို မြှောက်ထိုးပင့်ကော်လုပ်ခြင်းကြောင့် ရေလက်ကြားဖြတ်ကျော်ဆက်ဆံရေးတင်းမာပြီး ထိပ်တိုက်တွေ့ဆုံမှုတွေ အထိဖြစ်ကာ အာရှ-ပစိဖိတ်ဒေသအတွင်း ငြိမ်းချမ်းရေးနဲ့တည်ငြိမ်ရေးကို အားနည်းလာစေပါတယ်။

### ခေတ်သစ်ကာလ နိုင်ငံတော် ပြန်လည်ပေါင်းစည်းရေး

နိုင်ငံတော်ပြန်လည်ပေါင်းစည်းရေး ဆိုတဲ့နေရာမှာ ရာစုနှစ်တစ်ခုအတွင်း ဘယ်တုန်းကမှ မမြင်ခဲ့ဖူးတဲ့အတိုင်းအတာနဲ့ တစ်ကမ္ဘာလုံး ပြောင်းလဲနေတာကြောင့်နိုင်ငံတော်သွေးသစ်လောင်းမှုအတွက် ရည်မှန်းချက်ကို ထည့်သွင်းစဉ်းစားရာမှာ CPC နဲ့ တရုတ်အစိုးရတို့က ထိုင်ဝမ်အရေးနဲ့ပတ်သက်ပြီး CPC ရဲ့အခြေခံလမ်းညွှန်ချက်တွေကို လိုက်နာကာ အခြေခံသဘောတရားများနဲ့ မူဝါဒများကို အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ရေလက်ကြားဖြတ်ကျော် ငြိမ်းချမ်းစွာဆက်ဆံရေးအတွက် စွမ်းအားကုန်ကြိုးပမ်းဆောင်ရွက်ကာ နှစ်ဖက်စလုံးရဲ့ ဖွံ့ဖြိုးတိုးတက်မှုများကိုပေါင်းစည်းပြီး နိုင်ငံတော်ပြန်လည်ပေါင်းစည်းရေးဆီ ဦးတည်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

ဒီလိုဦးတည်လုပ်ဆောင်ရာမှာလည်း အကြောင်းအရာလေးရပ်ကို ချမှတ်ထားပါသေးတယ်။ အဲဒါတွေကတော့ ငြိမ်းချမ်းစွာပြန်လည်ပေါင်းစည်းရေးနဲ့ တစ်နိုင်ငံ၊ အုပ်ချုပ်မှုစနစ်နှစ်မျိုး အခြေခံသဘောတရားများကို ဆက်လက်စွဲကိုင်ထားခြင်း၊ ရေလက်ကြားဖြတ်ကျော်ငြိမ်းချမ်းစွာဆက်ဆံရေးနဲ့ ပေါင်းစည်းဖွံ့ဖြိုးတိုးတက်မှုကို တိုးမြှင့်ခြင်း၊ ခွဲထွက်ရေးဝါဒနဲ့ ပြင်ပကြားဝင်စွက်ဖက်မှုများကို ချေမှုန်းခြင်း၊ နိုင်ငံတော်ပြန်လည်ပေါင်းစည်းရေးနဲ့ သွေးသစ်လောင်းခြင်းအတွက် ထိုင်ဝမ်ရှိ တရုတ်တစ်နိုင်ငံတည်းသားများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းတို့ပဲ ဖြစ်ပါတယ်။

### ငြိမ်းချမ်းစွာပြန်လည်ပေါင်းစည်းရေးအတွက် တောက်ပနေတဲ့အလားအလာ

တစ်နိုင်ငံ၊ အုပ်ချုပ်မှုစနစ်နှစ်မျိုးအရ ငြိမ်းချမ်းစွာပြန်လည်ပေါင်းစည်းသွားပြီဆိုရင်တော့ နိုင်ငံတော်သွေးသစ်လောင်းမှုနဲ့ နောက်ထပ်ဖွံ့ဖြိုးတိုးတက်မှုတွေရရှိစေဖို့အတွက် အုတ်မြစ်အသစ်များကို ချမှတ်သွားမှာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ထိုင်ဝမ်ကျွန်းမှာ လူမှုရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားလှစွာသော အခွင့်အလမ်းကောင်းများကို ဖန်တီးပေးသွားမှာဖြစ်ပြီး ထိုင်ဝမ်ရှိ တရုတ်တစ်နိုင်ငံတည်းသားများအတွက် လက်တွေ့ကိုင်တွယ်လို့ရတဲ့ အကျိုးကျေးဇူးများကို ဖော်ဆောင်ပေးသွားမှာဖြစ်ပါတယ်။

ဒီလို ဖော်ဆောင်သွားမယ့်အတွက်လည်း အကြောင်းအရာလေးရပ်ကို သတ်မှတ်ထားပါသေးတယ်။ အဲဒါတွေကတော့ ထိုင်ဝမ်ကျွန်းဟာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားကျယ်ပြောတဲ့နေရာတစ်ခုရှိလာမှာဖြစ်ကြောင်း၊ ထိုင်ဝမ်ကျွန်းရှိ ပြည်သူများရဲ့ အခွင့်အရေးများနဲ့ အကျိုးစီးပွားများကို အပြည့်အဝ ကာကွယ်ပေးသွားမှာဖြစ်ကြောင်း၊ ထိုင်ဝမ်ရေလက်ကြားတစ်ဖက်တစ်ချက်ဆီမှာ ရှိကြတဲ့သူတွေအားလုံး နိုင်ငံတော်သွေးသစ်လောင်းမှုရဲ့ အောင်မြင်မှုကိုမျှဝေသွားမှာ ဖြစ်ကြောင်း၊ တရုတ်နိုင်ငံပြန်လည်ပေါင်းစည်းရေးက အာရှ-ပစိဖိတ်ဒေသနဲ့ တခြားကမ္ဘာ့ဒေသအသီးသီးမှာပါ ငြိမ်းချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူဖြစ်စေမှာ ဖြစ်ကြောင်းတို့ပဲဖြစ်ပါတယ်။

### နိဂုံး

နှစ်ပေါင်း ၅၀၀၀ ကျော် ကြာမြင့်နေပြီဖြစ်တဲ့ တရုတ်နိုင်ငံသမိုင်းဟာ ခမ်းနားထည်ဝါတဲ့ယဉ်ကျေးမှုကို ကမ္ဘာတစ်ဝန်း ဖြန့်ကြက်ထားနိုင်တဲ့အထိပါပဲ။ ဒါပေမဲ့ ရာစုနှစ်တစ်ခုကျော်ကြာ ဆင်းရဲဒုက္ခပေါင်းစုံကိုခံစားရပြီးနောက် နိုင်ငံတော်ဟာ အရှက်ကွဲခြင်းကို ကျော်လွှားကာ ရှေ့သို့ ဆက်လက်လှမ်းချီနိုင်ခဲ့ပြီး အကန့်အသတ်မဲ့ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေးများကို ဖမ်းဆုပ်နိုင်ခဲ့ပါတယ်။ အခုအချိန်မှာတော့ နိုင်ငံတော်သွေးသစ်လောင်းမှုဆီကို ဦးတည်လျှောက်လှမ်းနေပါပြီ။

သို့သော် လျှောက်လှမ်းသမျှသောခရီးလမ်းတိုင်းက ချောမွေ့တယ်ဆိုတာမရှိနိုင်သော်လည်း ထိုင်ဝမ်ရေလက်ကြား တစ်ဖက်တစ်ချက်ဆီမှာရှိတဲ့ တရုတ်နိုင်ငံသားများက တူညီတဲ့ရည်မှန်းချက်အတွက် ကာယ၊ ဉာဏခွန်အားတို့ကို စိုက်ထုတ်ကာ ထိုင်ဝမ်အရေးမှာ ပြင်ပကြားဝင်စွက်ဖက်မှုကို လက်မခံဘဲ နိုင်ငံတော်ကို နှစ်ခြမ်းကွဲစေမယ့် ဘယ်လိုကြိုးပမ်းအားထုတ်မှုမျိုးကိုမဆို ဖျက်ဆီးပြီး နိုင်ငံတော်ပြန်လည်ပေါင်းစည်းရေးနဲ့ သွေးသစ်လောင်းရေးအတွက် ကြီးမားတဲ့အင်အားစုအဖြစ် ပေါင်းစည်းသွားမှာပါ။

### သုံးသပ်ချက်

အထက်ပါအကြောင်းအရာ အချက်အလက်များကတော့ တရုတ်အစိုးရက ထုတ်ပြန်တဲ့ ထိုင်ဝမ်ကျွန်းအရေးစက္ကူဖြူစာတမ်းပါ အကြောင်းအရာ တစ်စိတ်တစ်ပိုင်းဖြစ်ပါတယ်။

အဲဒီအကြောင်းအရာတွေကို ဖတ်ရှုလိုက်တဲ့အခါ ထိုင်ဝမ်ကျွန်းဆိုတာ တရုတ်နိုင်ငံရဲ့ ခွဲခြားမရတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သမိုင်းနဲ့ချီပြီး ပြောသွားတာကို တွေ့ရပါတယ်။ တကယ်တမ်း ပြန်ကြည့်ရင်လည်း နိုင်ငံတကာဥပဒေအရ ဖြစ်စေ၊ တရုတ်ဥပဒေအရဖြစ်စေ၊ ကမ္ဘာ့နိုင်ငံများရဲ့လက်ခံမှုအရဖြစ်စေ ထိုင်ဝမ်ကျွန်းဆိုတာ တရုတ်နိုင်ငံကြီးရဲ့ တစ်စိတ်တစ်ပိုင်းသာဖြစ်ကြောင်း အထင်အရှား တွေ့ရပါတယ်။

နောက်တစ်ခုက တရုတ်နိုင်ငံတော်ပြန်လည်ပေါင်းစည်းရေးအတွက် တရုတ်ကွန်မြူနစ်ပါတီနဲ့ တရုတ်အစိုးရအဆက်ဆက်တို့က အားသွန်ခွန်စိုက်ကြိုးပမ်းလာတာ ပကတိအမှန်တရားဖြစ်နေပါတယ်။ တကယ်တမ်း တရုတ်ပြည်မကြီးအနေနဲ့ ထိုင်ဝမ်လို ကျွန်းသေးသေးလေးကို အင်အားသုံးပြီး တက်သိမ်းမယ်ဆိုရင်တောင်မှ သိမ်းနိုင်တဲ့အနေအထားရှိပါတယ်။ ဒါပေမဲ့ ကိုယ့်တစ်ပြည်တည်းသားတွေဆိုတဲ့စိတ်နဲ့ နိုင်ငံတော်ကြီး ငြိမ်းချမ်းစွာပြန်လည်ပေါင်းစည်းရေးကိုသာ အစဉ်ရှေးရှုလုပ်ဆောင်ခဲ့တာ တွေ့ရပါတယ်။

ဒီလိုရှေးရှုလုပ်ဆောင်မှုကို ဘယ်သူတစ်ဦးတစ်ယောက်ကမျှ ကြားဝင်ဟန့်တားနှောင့်ယှက်ဖျက်ဆီးခြင်းငှာမစွမ်းသာစေဖို့ ခိုင်မာတဲ့မူဝါဒတွေ ချမှတ်ပြီး အစဉ်တစိုက် အကောင်အထည်ဖော်နေတာကိုလည်း တွေ့ရပါတယ်။ ခေတ်သစ်ကာလ နိုင်ငံတော်ပြန်လည်ပေါင်းစည်းရေးမှာဆိုရင်လည်း တစ်နိုင်ငံ၊ အုပ်ချုပ်မှုစနစ်နှစ်မျိုးဆိုတဲ့ သတ်မှတ်ချက်အောက်မှာ နိုင်ငံတော်ငြိမ်းချမ်းစွာပြန်လည်ပေါင်းစည်းရေးနဲ့ နိုင်ငံတော်သွေးသစ်လောင်းရေးတို့ကို တရုတ်ပြည်မကြီးက ထိုင်ဝမ်ကျွန်းရှိ တစ်နိုင်ငံတည်းသားများနဲ့ အတူတကွပေါင်းစည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒီလိုငြိမ်းချမ်းစွာပြန်လည်ပေါင်းစည်းသွားပြီဆိုရင်တော့ တရုတ်နဲ့ဟောင်ကောင်ကြား၊ တရုတ်နဲ့ မကာအိုကြား ရရှိခဲ့တဲ့ အပြန်အလှန်ဆက်ဆံရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ထိုင်ဝမ်ကျွန်းအနေနဲ့ လက်ခံရရှိကာ အဲဒီကနေမှတစ်ဆင့် ဒေသတွင်းသာမက ကမ္ဘာ့ဒေသအသီးသီးမှာပါ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်ကို ခံစားနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် ထိုင်ဝမ်ကျွန်းဆိုက တရုတ်နိုင်ငံရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တယ်ဆိုတာကို သမိုင်းကြောင်းအရနဲ့ ဥပဒေကြောင်းများအရ ဘယ်လိုမှငြင်းပယ်လို့မရတဲ့အမှန်တရားဖြစ်ပြီး တရုတ်အစိုးရက လုပ်ဆောင်နေတဲ့ နိုင်ငံတော်ပြန်လည်ပေါင်းစည်းရေးဆိုတာကလည်း တကယ်လက်တွေ့အလုပ်ဖြစ်စေတဲ့လုပ်ငန်းစဉ်ဖြစ်တာကြောင့် အောင်မြင်ပါစေကြောင်းဆုတောင်းကာ အင်အားကြီးနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးက ဝိုင်းဝန်းထောက်ပံ့ပေးသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၆၀၇၀ ကို စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၁ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၁-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၀-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၆,၀၇၀) ကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၆၀၁,၀၄၉) ခုကို စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၄,၂၉၇) ဦးရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများကို နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၀၅၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိသေဆုံးသူစုစုပေါင်း (၁၉,၄၃၅) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား ကျောင်းသူများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လအတွင်း ရောက်ရှိသော ပြည်သူများကို ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၁၁-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၉၇) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၄၈) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၄၇) ခု | (၁၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၂၈) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၄၄၉) ခု | (၄) ဦး |
| စုစုပေါင်း | (၆,၀၇၀) ခု | (၂၁) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၄၃၄၈၅၀၇ | ၈၉၄၀၃၇၇၇ | ၁၀၆၀၇၅၅ |
| ၂။ | အိန္ဒိယ | ၄၄၂၀၆၉၉၆ | ၄၃၅၅၅၀၄၁ | ၅၂၆၈၇၉ |
| ၃။ | ပြင်သစ် | ၃၄၁၄၄၉၆၉ | ၃၃၁၈၆၄၄၀ | ၁၅၂၉၁၀ |
| ၄။ | ဘရာဇီး | ၃၄၀၉၆၉၃၅ | ၃၂၈၅၄၃၄၁ | ၆၈၀၈၅၂ |
| ၅။ | ဂျာမနီ | ၃၁၄၃၉၆၄၅ | ၂၉၉၆၉၀၀၀ | ၁၄၅၃၉၄ |
| ၆။ | ဗြိတိန် | ၂၃၄၂၀၈၂၆ | ၂၂၉၅၄၆၆၃ | ၁၈၆၀၈၇ |
| ၇။ | အီတလီ | ၂၁၄၀၀၁၇၉ | ၂၀၂၅၆၇၇၈ | ၁၇၃၅၇၁ |
| ၈။ | တောင်ကိုရီးယား | ၂၀၉၈၃၁၆၉ | ၁၉၁၈၆၂၃၁ | ၂၅၄၄၁ |
| ၉။ | ရုရှား | ၁၈၇၉၆၄၇၂ | ၁၈၀၈၉၉၄၁ | ၃၈၂၉၅၄ |
| ၁၀။ | တူကီယဲ | ၁၆၂၉၅၈၀၇ | ၁၅၈၇၅၁၂၂ | ၉၉၆၇၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၃၅၁၅၇၃ | ၉၉၉၇၁၁၃၆ | ၄၃၀၉၅ |
| ၂။ | အင်ဒိုနီးရှား | ၆၂၆၇၁၃၇ | ၆၀၅၇၂၃၇ | ၁၅၇၁၇၁ |
| ၃။ | မလေးရှား | ၄၇၁၉၃၉၄ | ၄၆၃၈၇၁၆ | ၃၆၀၅၆ |
| ၄။ | ထိုင်း | ၄၆၁၄၀၅၇ | ၄၅၆၁၀၂၃ | ၃၁၇၃၃ |
| ၅။ | ဖိလစ်ပိုင် | ၃၈၁၈၄၈၀ | ၃၇၁၉၆၀၂ | ၆၀၉၁၆ |
| ၆။ | စင်ကာပူ | ၁၇၇၃၃၈၆ | ၁၆၈၆၀၂၆ | ၁၅၄၃ |
| ၇။ | မြန်မာ | ၆၁၄၂၉၇ | ၅၉၃၀၅၅ | ၁၉၄၃၅ |
| ၈။ | ဘရူနိုင်း | ၂၁၅၂၈၃ | ၂၀၅၇၇၃ | ၂၂၅ |
| ၉။ | လာအို | ၂၁၂၁၂၄ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၁၃၈ | ၁၃၃၈၁၂ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်း များကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေး ကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေး လျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ် ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေနှစ်စီး ဖြင့် နှာခေါင်းစည်း ၁၄ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့် အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိ ကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့်အသိပေး ကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce. gov. mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထား ကြောင်း သိရသည်။

သတင်းစဉ်

## သောင်ရင်းမြစ်ရေ မြဝတီမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၁၁**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ်အတွင်း စက်ရုံအသစ် ၁၁၂ ရုံ ထပ်မံဖွင့်လှစ်

ဖနောင်ပင် ဩဂုတ် ၁၁

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ပထမခုနစ်လတာကာလအတွင်း စက်ရုံအသစ် ၁၁၂ ရုံ ဖွင့်လှစ်နိုင်ခဲ့ကြောင်း ကမ္ဘောဒီးယားစက်မှု၊ သိပ္ပံ၊ နည်းပညာနှင့် ဖန်တီးမှုဆိုင်ရာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ယနေ့ ပြောကြားသည်။

အသစ်ထပ်မံဖွင့်လှစ်ခဲ့သည့် စက်ရုံပေါင်း ၁၁၂ ရုံအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၉ ဘီလီယံရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ပြင် အဆိုပါစက်ရုံများ ဖွင့်လှစ်နိုင်ခြင်းကြောင့် ပြည်သူ ၇၆၆၂၄ ဦးအား အလုပ်အကိုင်စီစဉ်ပေးနိုင်ခဲ့ကြောင်း ကမ္ဘောဒီးယားစက်မှု၊ သိပ္ပံ၊ နည်းပညာနှင့် ဖန်တီးမှုဆိုင်ရာဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဟန်ဆွတ်ကန်က ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

အဆိုပါစက်ရုံများတွင် အထည်ချုပ်စက်ရုံ၊ ဖိနပ်စက်ရုံနှင့် ခရီးသွားအသုံးအဆောင်ပစ္စည်း စက်ရုံတို့ပါဝင်ကြောင်း သိရသည်။

ယင်းသို့ နိုင်ငံအတွင်း၌ ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာရခြင်းမှာ နိုင်ငံ၏ ဒေသဆိုင်ရာ ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) ဆိုင်ရာ လွတ်လပ်သောကုန်သွယ်မှုစာချုပ်နှင့် ကမ္ဘောဒီးယား-တရုတ် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် (CCFTA) တို့အပြင် နိုင်ငံ၏ နှစ်လိုဖွယ်ကောင်းသော ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်တို့ကြောင့်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့သည့်ကာလအတွင်း၌ပင် ကမ္ဘောဒီးယားနိုင်ငံ၌ စက်ရုံအသစ်များကို ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။



ယခုကဲ့သို့ စက်ရုံများ ဖွင့်လှစ်နိုင်ခြင်းသည် ကမ္ဘောဒီးယားနိုင်ငံသားများအတွက် အလုပ်အကိုင်များ ပိုမိုဖန်တီးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# လာအိုနိုင်ငံရှိ ပြည်နယ်များတွင် ရေကြီးမှုများဖြစ်ပွား

ဗီယင်ကျန်း ဩဂုတ် ၁၁

လာအိုနိုင်ငံတွင် ဩဂုတ် ၆ ရက်မှ ၉ ရက်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုများမှတစ်ဆင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သဖြင့် နိုင်ငံအတွင်းရှိ ပြည်နယ်များနှင့် မြို့တော်ဗီယင်ကျန်းတွင်ရှိသည့် နေအိမ်များနှင့် အခြေခံအဆောက်အအုံများပျက်စီးကာ လယ်မြေဟက်တာများစွာ ရေနစ်မြုပ်ပျက်စီးခဲ့ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ဆီခေါင်ပြည်နယ်၊ ဆာဗာနခတ်ပြည်နယ်၊ ချန်ပါဆတ်ပြည်နယ်ရှိ ခရိုင်အများအပြားနှင့် ဇာရာဗိုရီပြည်နယ်တို့တွင် ရေကြီးမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

မြို့တော်ဗီယင်ကျန်းရှိ ဆီခိုတာဗောင်ခရိုင်တွင် ရေကြီးမှုကြောင့် ကျေးရွာ ၂၅ ရွာရှိ အိမ်ထောင်စု ၈၃၉ စု ထိခိုက်ခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ယခုအချိန်အထိ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် မြို့တော် ဗီယင်ကျန်းရှိ မြေနိမ့်ဒေသများကို ရေလွှမ်းမိုးနေပြီး ရေနုတ်မြောင်းများတွင် အမှိုက်များနှင့် ရွှံ့နွံများဖုံးအုပ်နေသောကြောင့် ရေစီးရေလာ ပိတ်ဆို့နေကြောင်း သိရသည်။

ထို့ပြင် ဆာဗာနခတ်ပြည်နယ်ရှိ သက်ပံသောင်းခရိုင်တွင် ပြီးခဲ့သည့်ရက်များအတွင်းက မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် လယ်မြေဟက်တာ ၂၀၀ နှင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**





# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၈၉၆ ဦး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ ဩဂုတ် ၁၁

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၈၉၆ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၇၁၉၃၉၄ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါကူးစက်ခံရသူများအနက် နှစ်ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၄၈၉၄ ဦးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်သည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၂ ဦးထပ်မံသေဆုံးသည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၃၆၀၅၆ ဦးရှိကြောင်း သိရသည်။

သို့သော် လူနာ ၂၉၇၉ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာလာခဲ့သည့်အတွက် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၄၆၃၈၇၁၆ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၄၄၆၂၂ ဦးရှိပြီး ယင်းတို့အနက် ၆၈ ဦးသည် ရောဂါပြင်းထန်စွာခံစားနေရပြီး ၃၇ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၆ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ် ထိုးနှံပေးပြီးဖြစ်သည်။ ၈၄ ဒသမ ၁ ရာခိုင်နှုန်းသည် ကာကွယ်ဆေးအပြည့်အဝထိုးနှံမှုခံယူပြီးဖြစ်ပြီး ၄၉ ဒသမ ၆ ရာခိုင်နှုန်းသည် ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။ ထို့ပြင် ၁ ဒသမ ၂ ရာခိုင်နှုန်းသည် ကာကွယ်ဆေး ဒုတိယအကြိမ် ထပ်ဆောင်းထိုးနှံမှုခံယူပြီးဖြစ်သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# ထိုင်း-မလေးရှား နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍများ ပူးပေါင်းဆောင်ရွက်မည်

ဗန်ကောက် ဩဂုတ် ၁၁

ထိုင်း-မလေးရှားနိုင်ငံတို့ အကြား ကုန်သွယ်ရေးနှင့် ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍများ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဒွန်ပရာမူဒွီနိုင်နှင့် မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆီဖူဒင်အဗ္ဗဒူလာတို့က ပြောကြားခဲ့သည်။

နှစ်နိုင်ငံအကြား ကုန်သွယ်မှုကို ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံအထိ မြှင့်တင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် နှစ်နိုင်ငံအကြား ဆောင်ရွက်နေသည့် လုပ်ငန်းစီမံချက်များကို အရှိန်မြှင့်တင်ဆောင်ရွက်ရေးအတွက်လည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ ဆွေးနွေးပွဲအတွင်း စွမ်းအင်ဖူလုံရေး၊ နယ်စပ်ဒေသဆိုင်ရာစီမံခန့်ခွဲရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးတို့အတွက်လည်း တာဝန်ရှိသူများအကြား ဆွေးနွေးခဲ့ကြသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် -စိုးသူရ**

# အမေရိကန်နိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ ၁၀၃၉၂ ဦးရှိလာ

ဝါရှင်တန် ဩဂုတ် ၁၁

အမေရိကန်နိုင်ငံ၌ လက်ရှိအချိန်အထိ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၁၀၃၉၂ ဦးရှိကြောင်း အမေရိကန်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာ၏ ကိန်းဂဏန်းများအရ သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၁၃၉၁ ဦးစစ်ဆေးတွေ့ရှိကြောင်း အမေရိကန်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ဆိုသည်။ အဆိုပါရောဂါကူးစက်ခံရသူ အရေအတွက်သည် နိုင်ငံအတွင်း မျောက်ကျောက်ရောဂါ ပထမဆုံးအကြိမ် စတင်တွေ့ရှိသည့် မေ ၁၇ ရက်မှစပြီး ၁၀၀၀၀ ကျော် ပထမဆုံးတွေ့ရှိခြင်းဖြစ်သည်။

လက်ရှိတွင် ကမ္ဘာတစ်ဝန်း၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ ၃၁၈၀၀ ရှိသည့်အနက် ၃၀ ရာခိုင်နှုန်းသည် အမေရိကန်နိုင်ငံမှဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မျောက်ကျောက်ရောဂါကို ကမ္ဘာ့လုံးဆိုင်ရာ အရေးပေါ်စိုးရိမ်ဖွယ်ရာ အခြေအနေအဖြစ် ကြေညာခဲ့ပြီးနောက် ရက်သတ္တပတ်အကြာတွင် သမ္မတ ဂျိုးဘိုင်ဒင်ဦးဆောင်သည့် အစိုးရအဖွဲ့က မျောက်ကျောက်ရောဂါကို ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေတစ်ရပ်အဖြစ် ကြေညာခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သို့သော် အမေရိကန်အစိုးရအဖွဲ့၏ မျောက်ကျောက်ရောဂါဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုနှင့် ကာကွယ်ဆေး ရရှိရန်အတွက် ကြိုးပမ်းမှုများသည် နှောင့်နှေးကြန့်ကြာလျက်ရှိကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဝေဖန်လျက်ရှိသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

ဒေါက်တာတင်မာမာဦး

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက်တွင် တည်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး၏ တစ်ခုတည်းသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလည်း ဖြစ်သည်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လဟယ်မြို့နယ်၊ လေရှီးမြို့နယ်၊ နန်းယွန်းမြို့နယ်နှင့် ထန်ပါခွေ၊ ဆွမ္မရာ၊ ပန်ဆောင်၊ ဒုံဟီးမြို့တို့ပါဝင်ပြီး ကျေးရွာအုပ်စု ၁၁၆ အုပ်စု၊ ကျေးရွာပေါင်း ၂၆၆ ရွာတို့ဖြင့် လူဦးရေ ၁၃၇၈၆၁ ဦး နေထိုင်လျက်ရှိသည်။



နာဂဒေသ လဟယ်မြို့နယ်မှ တောင်ယာစပါးစိုက်ခင်းကို တွေ့ရစဉ်။

## တောင်ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်

နာဂဒေသသည် တောင်ကုန်းတောင်တန်းများ ထူထပ်ပေါများကာ မြေပြန့်ဒေသနည်းပါးပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲကာ ဒေသခံများအနေဖြင့် တောင်ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိက စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ခဲ့ကြသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဒေသများအနက် ဖွံ့ဖြိုးတိုးတက်မှု နည်းပါးခဲ့သောဒေသဖြစ်ခဲ့ရသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ နာဂဒေသဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ နာဂဒေသနှင့် နယ်စပ်ဒေသများ၏ ဒေသစိုက်ပျိုးစီးပွားလုပ်ငန်းမြှင့်တင်နိုင်ရန်၊ လက်ရှိ စိုက်ပျိုးနေသည့် ဒေသမျိုးများအစား အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သည့် သီးနှံမျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရန်၊ ဒေသနှင့် ကိုက်ညီသည့် နှစ်ရှည်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရန်နှင့် သီးနှံအမည်သစ်များကို ပျိုးထောင်၊ မျိုးပွားစိုက်ခင်းများ ထူထောင်လာစေရန်၊ ဒေသခံတောင်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် စုပေါင်းဆောင်ရွက်မှုများကြောင့် နာဂဒေသဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လက်ရှိ ကျင့်သုံးစိုက်ပျိုးနေကြသည့် ရွှေ့ပြောင်းတောင်ယာမှ ရေရှည်တည်တံ့ခိုင်မြဲသောစိုက်ခင်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ နာဂဒေသနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းဘဏ္ဍာရန်ပုံငွေဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီး၊ လဟယ်၊ နန်းယွန်း၊ မိုပိုင်းလွတ်၊ ထန်ပါခွေ၊ ဒုံဟီးမြို့နယ်များတွင် ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ်မှ စတင်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ သုံးနှစ်စီမံကိန်းဖြင့် တစ်မြို့နယ်လျှင် ငွေကျပ်သိန်း ၁၀၀ ကို နှစ်စဉ်ကျခံသုံးစွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နာဂဒေသနှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မှုလုပ်ငန်းများအဖြစ် ဒေသနှင့် ကိုက်ညီသည့် တောင်ယာစပါး၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ နှမ်းနက်နှင့် ဟင်းသီးဟင်းရွက် သီးနှံမျိုးစေ့များ ထောက်ပံ့ခြင်း၊ ဒေသနှင့်ကိုက်ညီသည့် နှစ်ရှည်သီးနှံ လက်ဖက်၊ ကော်ဖီ၊ မျောက်ငို စသည့်သီးနှံပျိုးပင်များ ထောက်ပံ့ခြင်း၊ ဒေသအတွင်း ပျိုးပင်များ လွယ်ကူစွာ ရရှိစိုက်ပျိုးနိုင်ရေးအတွက် ပျိုးခြံများ ထူထောင်ကာစိုက်ပျိုးစေခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများ၊ လယ်ယာသုံးကိရိယာများ ဝယ်ယူထောက်ပံ့ပေးခြင်းနှင့် ပျိုးခြံများနှင့် စိုက်ခင်းများတွင် သုံးစွဲရန် ရေစင်များ တည်ဆောက်ခြင်း စသည့် လုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

## မျိုးစေ့ထောက်ပံ့

NBADP စီမံကိန်း ပထမနှစ် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် မျိုးစေ့ထောက်ပံ့မှုအနေဖြင့် သက်တမ်းတို အထွက်ကောင်း တောင်ယာစပါးတင်း ၁၀၀၊ အစေ့ထုတ်ပြောင်းကီလို ၅၀၊ ဝဠုပိသာ ၃၅၀၊ ဟင်းသီးဟင်းရွက်မျိုးစေ့ထုပ် ၂၇၀၀ အပါအဝင် ပဲမျိုးစုံနှင့် နှမ်းနက်မျိုးစေ့များ ဖြန့်ဝေပေးခဲ့ပြီး ပျိုးပင်ဖြန့်ဝေမှုအနေဖြင့် လက်ဖက်ပင် ၁၈၇၀၀၊ ကော်ဖီပင် ၁၂၀၀၀၊ မျောက်ငိုပင် ၇၀၀၀၊ မက်မန်းပင် ၁၅၀၀၊ လိမ္မော်ပင် ၃၀၀၊ သရက်ပင် ၁၀၀၀၊ ပီလောပီနံပင် ၂၀၀၀၊ မျောက်ဥပင် ၁၄၀၀ နှင့် အာလာဂျီပင် ၁၀၀၀၀ တို့ကို ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ၂၀၂၁ -၂၀၂၂ ခုနှစ်တွင် စပါးတင်း ၃၅၀၊ အစေ့ထုတ်ပြောင်းကီလို ၉၀၊ ဝဠုပိသာ ၁၄၀၀၊ ဟင်းသီးဟင်းရွက်မျိုးစေ့ထုပ် ၄၉၀၀ အပါအဝင် ပဲမျိုးစုံနှင့် နှမ်းနက်မျိုးစေ့များကို ဖြန့်ဝေပေးခဲ့သည့်အပြင် ပျိုးပင်ဖြန့်ဝေမှုအနေဖြင့် လက်ဖက်ပင် ၂၁၅၀၀၊ ကော်ဖီပင် ၅၅၀၀၊ မျောက်ငိုပင် ၇၃၀၀၊ မက်မန်းပင် ၆၀၀၊ သရက်ပင် ၁၁၀၀၊ ပီလောပီနံပင် ၂၀၀၀နှင့် အာလာ ဂျီပင် ၂၀၀၀ တို့ကို ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ဒေသနှင့်ကိုက်ညီသော နှစ်ရှည်သီးနှံပျိုးပင်များကို အချိန်မရွေး လွယ်ကူစွာ ကိုယ်တိုင်စိုက်ပျိုးနိုင်ရန်အတွက် ပျိုးခြံတည်ဆောက်ခြင်းလုပ်ငန်းများ နှင့် ပျိုးပင်စိုက်ခင်းများအတွက် ရေတွင်းတူးခြင်း၊ ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ခဲ့ရာ စီမံကိန်းဝင်မြို့နယ်များတွင် ပျိုးခြံ ၁၁ ခြံ တည်ထောင်ခြင်းနှင့် စိုက်ခင်းများ ရေရရှိရေး ရေတွင်းသုံးတွင်းတူးဖော်ပေးခြင်းများ ဆောင်ရွက်ခဲ့သည့်အပြင် စိုက်ပျိုးရေးသွင်းအားစုများဖြစ်သည့် သဘာဝမြေဩဇာနှင့် ရွက်ဖျန်းမြေဩဇာများ၊ ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးများထောက်ပံ့ခြင်း၊ လယ်ယာသုံးစက်ကိရိယာများဖြစ်သည့် မျိုးစေ့ချကိရိယာ အခု ၈၀၊ ဆေးဖျန်းပုံး ၅၀ ကို ထောက်ပံ့ခဲ့ပြီးဖြစ်သည်။



နာဂဒေသအတွင်း တိရစ္ဆာန်အစာပင်များ စမ်းသပ်စိုက်ပျိုးထားသည်ကို တွေ့ရစဉ်။

## လယ်ယာထွက်ကုန်များ တိုးတက်ထုတ်လုပ်

NBADP စီမံကိန်း၏ တတိယနှစ်ဖြစ်သည့် ၂၀၂၂ - ၂၀၂၃ ခုနှစ်တွင်လည်း ယခင်နှစ်များက တွေ့ကြုံခဲ့သည့် လုပ်ငန်း အတွေ့အကြုံများအပေါ် အခြေခံ၍ နာဂဒေသ၏စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်လျက်ရှိသည့် ထောက်ပံ့မှုများ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် နန်းယွန်း၊ ဒုံဟီး၊ လဟယ်၊ ထန်ပါခွေ၊ လေရှီးနှင့် မိုပိုင်းလွတ်မြို့နယ်များအတွက် တစ်မြို့နယ်လျှင် ငွေကျပ်သိန်း ၅၀ စီ၊ ငွေကျပ်သိန်း ၃၀၀ ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး မျိုးစေ့များ ထောက်ပံ့ခြင်းအတွက် ငွေကျပ်သိန်း ၆၀၊ ပျိုးပင်များ ထောက်ပံ့ခြင်းအတွက် ငွေကျပ် ၁၀၈ သိန်း၊ ပျိုးခြံတည်ဆောက်ခြင်းအတွက် ငွေကျပ်သိန်း ၃၀၊ သွင်းအားစုများ ထောက်ပံ့ခြင်းအတွက် ငွေကျပ် ၇၂ သိန်းနှင့် လယ်ယာသုံးစက်ကိရိယာများ ထောက်ပံ့ခြင်းအတွက် ငွေကျပ်သိန်း ၃၀ ဖြင့် ဆောင်ရွက်လျက်ရှိရာ NBADP စီမံကိန်းကာလပြီးစီးပါက နာဂဒေသအတွင်း အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သည့် လယ်ယာထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ပြီး ဒေသတွင်း ဝမ်းစာဖူလုံကာ အမည်သစ်သီးနှံများ စိုက်ပျိုး၍ အခြားဒေသများသို့ တင်ပို့ရောင်းချခြင်းဖြင့် ဒေသခံတောင်သူများ ဝင်ငွေတိုးတက်ကာ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည်ဖြစ်သည်။

## တောင်စောင်း စိုက်ပျိုးနည်းစနစ်ဖော်ဆောင်

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဒေသခံတောင်သူများသည် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးနည်းစနစ်ကိုသာ မိရိုးဖလာလုပ်ငန်းအဖြစ် လုပ်ကိုင်စိုက်ပျိုးကြသဖြင့် သစ်တောများကို နှစ်စဉ်ခုတ်ထွင် စိုက်ပျိုးကြရာ သစ်တောများပြုန်းတီးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်ပြဿနာများကို နှစ်စဉ်ကြုံတွေ့ခံစားကြရသည်။ အဆိုပါပြဿနာများကို ဖြေရှင်းပေးနိုင်ရေးနှင့် ဒေသခံများအတွက် ရေရှည်တည်တံ့ခိုင်မြဲစေမည့် တောင်စောင်း စိုက်ပျိုးနည်းစနစ် ဖော်ဆောင်မှုကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် လှေကားထစ်လယ်ယာမြေ ၁၅ ဧကကို ဖော်ထုတ်ပေးခဲ့သည့်အပြင် ယခုနှစ်တွင် လဟယ်မြို့မျက်နှာစာ အရှေ့ဘက်ခြမ်းရှိတောင်ကုန်းများတွင် တောင်စောင်းစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးရန် ၁၀ ဧက တိုးချဲ့ဖော်ဆောင်ခဲ့ပြီး အဆင့်မြင့်လယ်ယာမြေဖော်ဆောင်ခြင်းလုပ်ငန်းများကို ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်အတွင်း **စာမျက်နှာ ၁၆ သို့** ✪

“ဒေသခံများအတွက် ရေရှည်တည်တံ့ခိုင်မြဲစေမည့် တောင်စောင်း စိုက်ပျိုးနည်းစနစ်ဖော်ဆောင်မှုကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် လှေကားထစ်လယ်ယာမြေ ၁၅ ဧကကို ဖော်ထုတ်ပေးခဲ့သည့်အပြင် ယခုနှစ်တွင် လဟယ်မြို့မျက်နှာစာ အရှေ့ဘက်ခြမ်းရှိ တောင်ကုန်းများတွင် တောင်စောင်းစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးရန် ၁၀ ဧက တိုးချဲ့ဖော်ဆောင်ခဲ့ပြီး အဆင့်မြင့်လယ်ယာမြေ ဖော်ဆောင်ခြင်းလုပ်ငန်းများကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း လဟယ်မြို့နယ်တွင် မြေဧက ၃၀ နှင့် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ကုန်းမြင့်လယ်ယာဧက ၃၀၀ ထပ်မံဖော်ထုတ်ပေးရန် စီစဉ်ဆောင်ရွက်”

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၄၅ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၅ | ၂၂၉၀ | ၂၃၁၅ | ၂၃၀၀ | ၂၂၈၀ | ၂၃၇၅ | ၂၃၉၀ | ၂၂၈၅ | ၂၂၉၅ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၀ | ၂၅၅၀ | ၂၇၂၀ |
| 95 Ron | ၂၃၁၀ | ၂၃၆၀ | ၂၃၅၅ | ၂၃၂၀ | ၂၃၅၅ | ၂၃၈၀ | ၂၃၆၅ | ၂၃၄၀ | ၂၄၃၅ | ၂၄၅၀ | ၂၃၅၀ | ၂၃၆၅ | ၂၃၉၀ | ၂၃၉၅ | ၂၃၉၅ | ၂၆၁၅ | ၂၇၈၅ |
| HSD (500 ppm) | ၂၅၅၀ | ၂၅၉၅ | ၂၅၉၅ | ၂၅၆၀ | ၂၅၉၅ | ၂၆၂၀ | ၂၆၁၅ | ၂၅၈၀ | ၂၆၉၅ | ၂၆၉၀ | ၂၅၉၀ | ၂၅၉၅ | ၂၆၃၀ | ၂၆၃၅ | ၂၆၃၅ | ၂၈၅၅ | ၃၀၈၅ |
| HSD (50 ppm) | ၂၆၂၅ | ၂၆၇၀ | ၂၆၆၅ | ၂၆၃၀ | ၂၆၇၀ | ၂၆၉၀ | ၂၆၈၅ | ၂၆၅၅ | ၂၇၇၀ | ၂၇၆၅ | ၂၆၆၀ | ၂၆၇၀ | ၂၇၀၅ | ၂၇၀၅ | ၂၇၃၀ | ၂၉၂၅ | ၃၁၂၀ |
| HSD (10 ppm) | ၂၆၂၅ | ၂၆၇၀ | ၂၆၆၅ | ၂၆၃၀ | ၂၆၇၀ | ၂၆၉၀ | ၂၆၈၅ | ၂၆၅၅ | ၂၇၇၀ | ၂၇၆၅ | ၂၆၆၀ | ၂၆၇၀ | ၂၇၀၅ | ၂၇၀၅ | ၂၇၃၀ | ၂၉၂၅ | ၃၁၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၄၂ | ၂၂၁၈ |
| 95 Ron | ၂၂၀၃ | ၂၂၈၁ |
| HSD (500 ppm) | ၂၄၃၆ | ၂၅၁၅ |
| HSD (50 ppm) | ၂၅၀၇ | ၂၅၈၇ |
| HSD (10 ppm) | ၂၅၀၇ | ၂၅၈၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❂ စာမျက်နှာ ၁၅ မှ

လဟယ်မြို့နယ်တွင် မြေဧက ၃၀ နှင့် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ကုန်းမြင့်လယ်ယာဧက ၃၀၀ ထပ်မံဖော်ထုတ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် တောင်စောင်း စိုက်ပျိုးနည်းစနစ်ဖော်ဆောင်ထားသည့် တောင်ယာများတွင် နှစ်ရှည်သီးနှံများဖြစ်သည့် ကော်ဖီ၊ လက်ဖက်၊ မက္ကာဒေးမီးယား၊ လိမ္မော်၊ ထောပတ်၊ မျောက်ငို၊ သရက်စသည့် နှစ်ရှည်သီးနှံများအပြင် ရာသီအလိုက် ဝင်ငွေရရှိစေမည့် တောင်ယာစပါး၊ ပဲပုပ်၊ အစေ့ထုတ်ပြောင်းနှင့် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးနိုင်ရေး နည်းပညာပေးဆောင်ရွက်လျက်ရှိသည်။

တောင်စောင်းဖော်ဆောင်ထားသည့် ကွန်တိုလိုင်းများတွင်လည်း မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေမည့် ပဲမျိုးစုံနှင့် တိရစ္ဆာန်အစာအဖြစ် နေပီယာမြက်များကို စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ပျိုးပင်များ ထောက်ပံ့ပေးအပ်ခြင်းနှင့် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည်။

**ပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဒေသခံများအား မွေးမြူရေးလုပ်ငန်းများ တွဲဖက်လုပ်ကိုင်နိုင်ရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် နွားနောက် ၅၀၁၇ ကောင်၊ ကျွဲ ၇၁၁၂ ကောင်၊ နွား ၉၆၉၂ ကောင်၊ ဆိတ် ၄၉၄၄ ကောင်၊ ဝက် ၅၁၅၉၇ ကောင်၊ ကြက်ကောင်ရေ ၂၅၅၀၇၀ နှင့် ဘဲကောင်ရေ ၃၂၆၄၀ ကို မွေးမြူနိုင်ရေး ဆောင်ရွက်ထားသကဲ့သို့ မွေးမြူထားသည့် တိရစ္ဆာန်များကို ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပညာပေးဆွေးနွေးခြင်း၊ တိရစ္ဆာန်အစာပင် စိုက်ပျိုးမှုနှင့်ပတ်သက်၍ ပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း တိရစ္ဆာန်အစာပင် စိုက်ပျိုးထားရှိမှုအနေဖြင့် နေပီယာမြက် ၂၀၇ ဧက၊ မွန်ဘားဆား ၁၃ ဧက၊ ရူဇီ ၁၃၆ ဧကနှင့် အခြား ၁၉ ဧက စုစုပေါင်း ၃၇၅ ဧက စမ်းသပ်စိုက်ပျိုးလျက်ရှိရာ နာဂဒေသ လေရှီးမြို့နယ်နှင့် လဟယ်မြို့နယ်များတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် တိရစ္ဆာန်အစာ နေပီယာမြက်များ စမ်းသပ်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိသည်။

**စီးပွားရေးကွင်းဆက် ဖွံ့ဖြိုးတိုးတက်လာမည်**

ယခုအခါ နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း



နာဂဒေသ လေရှီးမြို့နယ်မှ စိုက်ခင်းများကို တွေ့ရစဉ်။

လမ်းပန်းဆက်သွယ်ရေးကို အရှိန်မြှင့်ဆောင်ရွက်ပေးမှုကြောင့် သွားလာဆက်သွယ်ရေး လွယ်ကူသွားသည့်အတွက် နာဂသွေးချင်းများ၏ အဓိကအလုပ်အကိုင် အသက်မွေးဝမ်းကျောင်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်တော့မည်ဖြစ်သကဲ့သို့ ထွက်ရှိလာသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များကိုလည်း လေရှီး- လဟယ် - ခန္တီးလမ်းမှတစ်ဆင့် မြေပြန့်ဒေသများသို့ အလွယ်တကူ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် စီးပွားရေးကွင်းဆက် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါတော့သည်။

နာဂဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဘက်ပေါင်းစုံမှ စဉ်ဆက်မပြတ်ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအနေဖြင့် ရာသီမရွေး၊ အချိန်အခါမရွေး သွားလာရေး လွယ်ကူကာ ဒေသကုန်စည်စီးဆင်းမှုများ မြန်ဆန်ပြီး မြေပြန့်ဒေသများနည်းတူ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ရွှေတိဂုံစေတီတော်နှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့) အခမ်းအနားများ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၁**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၄ ခုနှစ် ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) အခမ်းအနားကို ယနေ့ နံနက် ၅ နာရီမှစတင်၍ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။



ရှေးဦးစွာ ရွှေတိဂုံစေတီတော်ရင်ပြင် ညော့ခံတန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့)နှင့် အသံမစဲမေတ္တာပို့ အောင်ပွဲအခမ်းအနားကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက မေတ္တာအခါတော်နေ့ မေတ္တာသုတ်ပါဠိတော်များကို စုပေါင်းရွတ်ဖတ်ပူဇော်ခြင်း၊ ဆုတောင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် စေတီတော်ရင်ပြင် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှစတင်၍ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက ပန်းစေတီများကို ပင့်ဆောင်လျက် ရင်ပြင်တော်တစ်ပတ် လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး စေတီတော်ရင်ပြင် အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင်ဘုရားနှင့် အာရုံခံတန်ဆောင်းမုခ် လေးမုခ်ရှိ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမမြတ်စွာဘုရားများအား ပန်းစေတီများကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ ဝါတွင်းသီလခံယူပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို ကျင်းပရာ အခမ်းအနားသို့ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးနှင့် ပင့်သံဃာတော်များကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တိပိဋကဓရ ပါဠိပါရဂူ ရွှေပြည်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာဂိတထံမှ ဒည့်ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးပြည်သူများက ဩဝါဒါစရိယဆရာတော်ကြီးနှင့် ပင့်သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တိပိဋကဓရ ပါဠိပါရဂူရွှေပြည်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာဂိတထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ဂေါပကအဖွဲ့ဝင်များက ဩဝါဒါစရိယဆရာတော်ကြီးနှင့် ပင့်သံဃာတော်များအား ရွှေတိဂုံစေတီတော် ရောင်တော်ဖွင့်တန်ဆောင်း၌ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့၏ ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) ဓမ္မပူဇာ မင်္ဂလာသဘင်အခမ်းအနားနှင့် သက်လွှတ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဂေါပကရုံးရှိ အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက နတ်ဖြဲပန်းများပင့်ဖိတ်ခြင်း၊ သမ္မာသမ္ဗုဒ္ဓသုံးလောကထွတ်ထားမြတ်စွာဘုရားကို ပင့်လျှောက်ခြင်း၊ ကမ္ဘာအေးဘုရားရှိခိုးဖြင့် ပူဇော်ကန်တော့ခြင်း၊ မေတ္တာသုတ်အဓိပ္ပာယ်အမွှန်းကို ရွတ်ဆိုပူဇော်ခြင်း၊ မေတ္တာသုတ်ပါဠိတော်များ ရွတ်ဖတ်ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် သက်လွှတ်ပွဲကို စေတီတော်ရင်ပြင်၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက စေတီတော်တစ်ပတ်လှည့်လည်ပူဇော်ကြပြီး ဇီဝိတဒါနအဖြစ် ငှက်များကို လွှတ်ပေးကြကြောင်း သိရသည်။

**ကိုကိုဇော်(သတင်းစဉ်)**



# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၁**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ဗန်းမော်မြို့နယ်ရှိ သီရိဓဇကျောင်းတိုက်သို့ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး သရက်မြို့နယ်ရှိ မင်းတုန်းကျောင်းတိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မဟာဓမ္မပါလတိုင်းရင်းသား ဗုဒ္ဓသာသနာပြုသင်တန်းကျောင်း (နန်းဦးကျောင်းတိုက်)သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ ကျိုက်ဒေးယျုံကျောင်းတိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် လွိုင်လင်မြို့နယ်ရှိ မြို့ဦးစိန်တောင်ကျောင်းတိုက်သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်ရှိ ဓမ္မပါလ မဟာရွှေကျင်ကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ဘာသာနေ့ (အထိမ်းအမှတ်)နှင့် မေတ္တာအခါတော်နေ့အခမ်းအနား ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၁**

မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီး အရှည်တည်တံ့ပြန့်ပွားစေရန် ရည်ရွယ်၍ (၆၁)နှစ်မြောက် နိုင်ငံတော်ဘာသာနေ့(အထိမ်းအမှတ်)နှင့် မေတ္တာအခါတော်နေ့ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ပုလဲရတနာလမ်းရှိ ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက် ရွှေရတုခန်းမ၌ တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက တိပိဋကပါဠိပါရဂူ မော်ကျွန်းဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသထံမှ ဒည့်ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း ရန်ကုန်တိုင်းဒေသကြီးမှ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက တိပိဋကပါဠိပါရဂူ မော်ကျွန်းဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ ထံမှ အနုမောဒနာတရားနာယူပြီး ရေစက်ချအမျှပေးဝေခဲ့ကြသည်။

အခမ်းအနား ပထမပိုင်းတွင် ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်ကျောင်းဝင်းအတွင်း ဘာသာရေးဝတ်အသင်းအဖွဲ့ပင့်ဆောင်ရေးအဖွဲ့မှ အသက်အရွယ်အပိုင်းအခြားအလိုက် သာသနာ့အောင်လံကို ကိုင်ဆောင်လျက် လက်ဆင့်ကမ်းသယ်ဆောင်ကာ ရွှေရတုတိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက၊ တိပိဋက ပါဠိပါရဂူမော်ကျွန်းဆရာတော်နှင့် သံဃာတော်များထံ ဆက်ကပ်ပြီး သာသနာ့အောင်လံကို တိုင်ထိပ်သို့ လွှင့်ထူပူဇော်ခြင်း၊ ဆရာတော်၊ သံဃာတော်များနှင့် ဒည့်ပရိသတ်များက ပဋ္ဌာန်း ၂၄ ပစ္စည်း ပစ္စယ ဥပဒေသများကို သုံးကြိမ်ရွတ်ဆိုခြင်း၊ ဇီဝိတဒါနအဖြစ် ငှက်များ ဘေးမဲ့လွှတ်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ကြခဲ့သည်။

**သတင်းစဉ်**

# ရွှေကျင်မြို့နယ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုဆောင်ရွက်

**ရွှေကျင် ဩဂုတ် ၁၁**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် မြို့နယ်ခုတင်(၁၀၀) ဆေးရုံအုပ် ဒေါက်တာဒေါ်သွယ်သွယ်ထွန်း၏ လမ်းညွှန်မှုဖြင့် မိခင်နှင့်ကလေးကျန်းမာရေးဌာန၏ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဒုတိယအပတ်အဖြစ် အသက် ၆ လမှ ၅ နှစ်အထိ ကလေးငယ်များအား ဗီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေးခြင်းကို ယနေ့ နံနက် ၉ နာရီက မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ အမျိုးသမီးကျန်းမာရေး ဆရာမ ဒေါ်တင်တင်မိုး ဦးဆောင်၍ ကျန်းမာရေး ဝန်ထမ်းများက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ဒုတိယအပတ်အနေဖြင့် ကလေးသူငယ်များ ကျန်းမာဖွံ့ဖြိုးပြီး ရောဂါဘယ ကင်းရှင်းစေရေးအတွက် အသက် ၆ လမှ ၁ နှစ် ကလေးငယ်များအား ဗီတာမင်အေ တစ်သိန်းအား၊ အသက် ၁ နှစ်မှ ၅ နှစ်အထိ ကလေးငယ်များအား ဗီတာမင်အေ နှစ်သိန်းအားနှင့် အသက် ၂ နှစ်မှ ၅ နှစ်ထိ ကလေးငယ်များအား သန်ချဆေးများ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**



# မအူပင်မြို့တွင် ၂၀၂၂ ခုနှစ် အစိုးရပထမပြန်စာအောင် သံဃာတော်များအား ပူဇော်ပွဲအခမ်းအနား ကျင်းပ



မအူပင် ဩဂုတ် ၁၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် ၂၀၂၂ခုနှစ် အစိုးရ ပထမပြန် စာအောင်သံဃာတော်များနှင့် သီလရှင် ဆရာကြီး၊ ဆရာလေးများအား ပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီ က မအူပင်ခရိုင် သာသနဗိမာန်တော်ကြီးတွင် ကျင်းပသည်။

ဦးစွာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ မအူပင်မြို့ရတနာ လင်္ကာရကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တသောဘဏ ထံမှ ငါးပါးသီလခံယူကာ သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွား တော်မူသော မေတ္တာသုတ်ပရိတ်တော်များ နာယူခဲ့ကြသည်။

မအူပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး သံဃာတော်အရှင် သူမြတ်များနှင့် စာအောင်သံဃာတော်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မအူပင်မြို့ ပရိယတ္တိမင်းကျောင်းစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဉာဏိန္ဒာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)မဟာထေရ်မြတ်ကြီး ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေ ကာ ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။၂၀၂၂ ခုနှစ် အစိုးရပါဠိ ပထမပြန်စာအောင်သံဃာတော်များအား ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မတည် အလှူရှင်ဦးဉာဏ်ထွန်း(ခ)ဦးဒလစ်၊မအူပင်မြို့ပေါ်ရှိ လုပ်ငန်း ရှင်များ၊ရပ်ကွက်ရှိအလှူရှင်များစုပေါင်း၍ ပထမကြီးတန်း ၁၀ ပါးအတွက်တစ်ပါးလျှင် ၈၀၀၀၀၊ ပထမလတ်တန်းရှစ်ပါး အတွက် တစ်ပါးလျှင်၆၀၀၀၀၊ ပထမငယ်တန်း ၁၀ ပါး အတွက် တစ်ပါးလျှင် ၄၀၀၀၀၊ အခြေပြုမူလတန်းအတွက် တစ်ပါးလျှင် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်းသံဃာတော် ၅၁ ပါးအတွက် သိန်း ၁၀၀ ခန့် ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ လစဉ်ပုံမှန်အစည်းအဝေးကျင်းပ



ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီလစဉ် ပုံမှန်အစည်အဝေး (၇/၂၀၂၂) ကို ယနေ့တွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အစည်း အဝေးခန်းမ၌ကျင်းပရာ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး များနှင့် ကောင်စီဝင်များ စုံညီစွာတက်ရောက် ကြပြီး ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြား သည်။

ထို့နောက် ဘဏ္ဍာရေးမှူး၊ စာရင်းစစ်မှူး၊ ပြန်ကြားရေးမှူးနှင့် အငြင်းပွားမှုနှင့် တိုင်ကြားမှုများ ညှိနှိုင်းဖြေရှင်းရေးကော်မတီ၊ သတင်းမီဒီယာကျင့်ဝတ်နှင့် သတင်းမီဒီယာ ဖွံ့ဖြိုးရေးကော်မတီ၊ ဥပဒေရေးရာကော်မတီ၊ သတင်းမီဒီယာများ ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ၊ သတင်းမီဒီယာသမားများ အကာ ကွယ်ပေးရေးကော်မတီ၊ သတင်းမီဒီယာဖွံ့ဖြိုး ရေးလုပ်ငန်းကော်မတီ၊ စာရင်းစစ်ကော်မတီ၊ ဘဏ္ဍာရေးကော်မတီ၊ နိုင်ငံတကာ ဆက်ဆံ ရေးကော်မတီနှင့် ပြန်ကြားရေးကော်မတီ များ၏ အဖွဲ့ခေါင်းဆောင်များက မိမိတို့ ကော်မတီနှင့်သက်ဆိုင်သော အကြောင်း အရာများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို အသီးသီးတင်ပြဆွေးနွေး ညှိနှိုင်းကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ ကြောင်း သိရသည်။

သတင်းစဉ်

# ဘီးလင်းမြို့နယ်၌ ဘေးအန္တရာယ် တုံ့ပြန်ရေးဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပ

ဘီးလင်း ဩဂုတ် ၁၁

မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် များဖြစ်ပွားလာပါက ပိုမိုထိရောက်အောင်မြင်စွာ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ဘေးအန္တရာယ်တုံ့ပြန်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ဘီးလင်းမြို့နယ်မီးသတ်ဦးစီး ဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစည်သူအောင် က အဖွင့်အမှာစကားပြောကြားပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးနိုင်အောင်ထွန်း က ဘေးအန္တရာယ် တုံ့ပြန်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဝေယံအောင်က သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် ဖြစ်ပွားလာ ပါက တုံ့ပြန်ရေး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီစဉ်ထားရှိမှုနှင့် ယခင်နှစ် သဘာဝဘေးဖြစ်ပွားချိန်တွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးပြောကြားပြီး ဌာနဆိုင်ရာ များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေး ပရဟိတအဖွဲ့ဝင် များက မိမိတို့ကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ကြက်ခြေနီတပ်ဖွဲ့နှင့်မြို့နယ်အတွင်းရှိ လူမှုကယ်ဆယ် ရေးအသင်းအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြ ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



# ချောင်းသာမြို့ ပြည်သူ့စာကြည့်တိုက်၌ စာအုပ်စာစောင်ပြပွဲ ကျင်းပ



ချောင်းသာ ဩဂုတ် ၁၁

ဧရာဝတီတိုင်း ဒေသကြီး ပုသိမ်ခရိုင် ချောင်းသာမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ပြည်သူ့ စာကြည့်တိုက်ရှိ စာအုပ် စာစောင် များကို ဒေသခံစာဖတ်ပရိသတ် ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ လေ့လာကြည့်ရှု နိုင်စေရန်နှင့် စာဖတ်သည့် အလေ့ အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်ပြီး ယနေ့မွန်းလွဲ ၂ နာရီ က အဆိုပါပြည်သူ့စာကြည့်တိုက် ၌ စာအုပ်စာစောင်ပြပွဲ ကျင်းပ ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ချောင်းသာမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းကျော်ကျော်က စာကြည့် တိုက်တွင် စာအုပ် စာစောင်များ ငှားရမ်းပေးမှု အခြေအနေ၊ အခမဲ့ ငှားရမ်းပေးရာတွင် စာကြည့်တိုက် အသင်းဝင်ကတ်ပြား ပြုလုပ်ပေး ခြင်းနှင့် ရွေးချယ်ငှားရမ်းဖတ်ရှုနိုင် သည့် အကြောင်းများကိုမိတ်ဆက် ရှင်းလင်းပြောကြားသည်။

အဆိုပါပြပွဲတွင် ဝတ္ထု၊ မဂ္ဂဇင်း၊ ရုပ်ပြ၊ ပုံပြင်၊ ကဗျာနှင့် ဂျာနယ် စသည့် သုတ၊ ရသစာအုပ်၊ စာစောင် များကို ဝေဝေဆာဆာခင်းကျင်း ပြသခဲ့ပြီး မြို့ဒေသခံ စာဖတ် ပရိသတ်များ၊ ကျောင်းသား ကျောင်းသူများက စိတ်ပါ ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြ ကြောင်း သိရသည်။

ချောင်းသာ(ပြန်/ဆက်)






# အလုပ်ခွင်ပြင်ပထိခိုက်သေဆုံးမှုအတွက် အကျိုးခံစားခွင့်ထုတ်ပေး

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး မြို့နယ် လူမှုဖူလုံရေးရုံး ဒဂုံမြို့သစ် (တောင်ပိုင်း)တွင် အကျုံးဝင် မှတ်ပုံတင်ထားသော ရန်ကုန် လျှပ်စစ်ဓာတ်အားပေး ကော်ပို ရေးရှင်း (ဒဂုံတောင်)မှ အာမခံ အလုပ်သမား ဦးဝင်းမြင့်ဇော် အတွက် ကျန်ရစ်သူ အကျိုးခံစား ခွင့် ထုတ်ပေးခြင်းကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

ထိုသို့ ကျန်ရစ်သူ အကျိုးခံစား ခွင့် ထုတ်ပေးရာတွင် ရန်ကုန်တိုင်း ဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဦးရဲဝင်းဇော်က အာမခံအလုပ် သမား၏ ဇနီးဖြစ်သူဒေါ်ဖြူဖြူထွန်း အား ကျန်ရစ်သူ ငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် သိန်း ၁၅၀ ကို တာဝန်ရှိသူများ၏ ရှေ့မှောက်တွင် ကျန်ရစ်သူ မိသားစု လက်ဝယ်အရောက် ထုတ်ပေးခဲ့ကြောင်း သိရသည်။

၂၂



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

ဗိုလ်မှူးညိုထွန်းက စဉ်းစားသလိုလုပ်နေရင်းက ဆိုလိုက်သည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် မည်သည့်နေရာကမှန်းမသိဘဲ ပျံ့လွင့်လာသောရနံ့တစ်မျိုးကို ရှူရှိုက်မိသည်။ ပန်းရနံ့ဖြစ်သည်။ ရနံ့ကိုရှူရှိုက်ရင်းမှ စကားဆက်သည်။

"ပြန်တွေးလိုက်ရင်တော့ ခဏကလေးလိုပဲ၊ ဘာမှမကြာလိုက်သလိုပဲ။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်လောက်တင်ကြာခဲ့သလိုပဲ"

ဒါကတော့ အပြောင်းအလဲများတဲ့လူတွေအဖို့ ဖြစ်ပါလိမ့်မယ်။ အစ်ကိုထွန်းလို အပြောင်းအလဲနည်းပါးတဲ့ လူအဖို့မှာတော့ ပြန်တွေးလိုက်လေတိုင်း အတိတ်ဆိုတာ သိပ်ရှည်ဝေးနေသလိုပဲ ညီမ။ အကြာကြီးလိုပဲ။ ညီမရဲ့ဘဝက ရေစီးရှိတယ်။ လှိုင်းတံပိုးထန်တယ်။ အပြောင်းအလဲတွေက မြန်ဆန်တယ်"

"ဒါပေမဲ့ အစ်ကိုထွန်းဟာလည်း အများကြီးပြောင်းလဲခဲ့တဲ့ လူတစ်ယောက်ပါ"

"ဒါကို လက်ခံပါတယ်။ ပြောင်းလဲမှုတော့ ရှိခဲ့ပါတယ်။ နေ့စားတွင်းတူးအလုပ်သမား၊ သပိတ်တပ်သား၊ တော်လှန်ရေးသမား၊ စစ်သား။ အဲဒီလို အပြောင်းအလဲတွေတော့ ရှိခဲ့တယ်။ ဘဝမှာ အတက်ကြွဆုံးအပိုင်းတွေ ရှိခဲ့တယ်။ အဲဒါကတော့ သပိတ်တပ်သားဘဝနဲ့ တော်လှန်ရေးသမားဘဝတွေပဲ။ စိတ်အလှုပ်ရှားဆုံးနဲ့ အတက်ကြွဆုံးအပိုင်းတွေပဲ။ ဒီအပိုင်းမှာ ကိုယ့်ကိုယ်ကိုယ်ကျေနပ်ခဲ့တယ်။ အားရခဲ့တယ်။ ဒါတွေကလွဲရင်တော့ ဘဝရေစီးဟာ နှေးတယ်။ အပြောင်းအလဲနည်းတယ်လို့ ဆိုနိုင်တယ်"

ဒေါ်ရေနံ့သာခင်ခင်ကြီးက ဗိုလ်မှူးညိုထွန်းကို ပြုံး၍ကြည့်လိုက်သည်။

"အစ်ကိုထွန်းက တခြား ဘယ်လိုပြောင်းလဲမှုမျိုးကို မျှော်လင့်ခဲ့သေးလို့လဲဟင်"

"မျှော်လင့်မှုဆိုတာတော့ အများကြီးရှိတာပေါ့။ ဆိုပါတော့ညီမ။ နေ့စားတွင်းတူးအလုပ်သမားကနေ ဗိုလ်မှူးဖြစ်လာတဲ့ပြောင်းလဲပုံမျိုးက ပုဂ္ဂလိကမဆန်ဘူး။ ကိုယ့်အတွက် သက်သက်ဖြစ်မှုဖြစ်ရပါစေတော့ဆိုတဲ့ သဘောမပါဘူး။ ဘဝကို တိုင်းပြည်အတွက်ပုံအပ်ပြီး တာဝန်တစ်ရပ်အနေနဲ့ ထမ်းဆောင်ရာက တိုင်းပြည်ရဲ့အခြေအနေပေါ်မှာ မူတည်ပြီး ပြောင်းလဲ့ရတာမျိုး။ အခု အစ်ကိုထွန်းဆိုလိုတာ ပုဂ္ဂလိကခံစားမှုအနေနဲ့ အပြောင်းအလဲနည်းပါးတဲ့သဘောကို ပြောတာ။ ဒီအပိုင်းမှာတော့ ညီမတို့ဟာ အစ်ကိုထွန်းထက် ကံကောင်းတယ်လို့ ဆိုရမလိုပဲ"

"အစ်ကိုထွန်း ဘာကိုဆိုလိုတာလဲဟင်"

"အစ်ကိုထွန်းဟာ ကိုယ့်ရဲ့ ပုဂ္ဂလိကအရေးကိုဘေးချိတ်ပြီး သူတစ်ပါးရဲ့ အရေးအခင်းကို ပွဲကြည့်ပရိသတ်လို စောင့်ကြည့်ဖို့လောက်သာ ကံကြမ္မာပါတဲ့ လူတစ်ယောက်ပါ ညီမ။ တွေးကြည့်ရင် ညီမတို့နဲ့ အစ်ကိုထွန်းဟာ ဘဝချင်းဆက်နွှယ်နေတယ်လို့ ပြောလို့ရတယ်။ နီးစပ်ထိတွေ့မှုရှိတယ်။ ဒါပေမဲ့ ဇာတ်တစ်ဇာတ်လုံးမှာ ကိုယ်ကိုယ်တိုင် ပါဝင်ကပြခဲ့ရတဲ့ အခန်းကဏ္ဍမရှိခဲ့ဘူး။ ကိုယ်က ပွဲကြည့်ပရိသတ်သက်သက်ပဲ၊ သူတစ်ပါးတွေပြော၊ ဆို၊ ငို၊ လွမ်းနေတာကို ထိုင်ကြည့်နေရတာပဲ။ အခုထိ ပွဲကြည့်ပရိသတ်အဆင့်ပဲရှိပါသေးတယ်ညီမ"

ဗိုလ်မှူးညိုထွန်း၏ စကားများမှာ ဒေါ်ရေနံ့သာခင်ခင်ကြီးအဖို့ ဆန်းကြယ်နေသည်။ ထူးခြားနေသည်။ အမှန်တော့လည်း ဗိုလ်မှူးညိုထွန်းသည် ယင်းစကားစုကို ယနေ့ညပြောရန် မည်သို့မျှ စိတ်ကူးခဲ့ခြင်းမရှိ။ သည်တစ်သက် သည်စကားမျိုးဆိုဖြစ်တော့မည် မထင်ခဲ့။ သို့ရာတွင် အကြောင်းက တိုက်ဆိုင်လာသည်။ စကားစပ်က ရှိလာသည်။ ထို့ကြောင့်လည်း ပြောဖြစ်ခဲ့သည်။ ပြောမိပြီဆိုပြန်တော့လည်း တစ်ပိုင်းတစ်စနှင့် ရပ်မထားချင်။

"ပွဲကြည့်ပရိသတ်အဖြစ်နဲ့ နေခဲ့ရတာကြာခဲ့တယ်။ ဘဝထဲက အချိန်တွေကို စင်းစင်းဖြောင့်ဖြောင့်ချည်း ဖြစ်နေခဲ့ရင် ခရီးဟာ အဝေးကြီးလို့ အောက်မေ့ရတယ်။ ဆစ်ချိုးကလေးတွေရှိခဲ့ရင်တော့ နီးသလို အောက်မေ့ရတယ်။ အစ်ကိုထွန်းလာခဲ့ရတဲ့လမ်းက ဖြောင့်တယ်၊ စင်းတယ်။ ဒါကြောင့် လာလမ်းကို ပြန်ကြည့်မိတဲ့အခါမှာ ဝေးလှပါကလား၊ လာခဲ့ရတာ ကြာလှပါကလား အောက်မေ့မိတယ်။ ညီမအဖို့ကတော့ လမ်းဟာ အကွေ့အကောက်ကလေးတွေ ရှိတယ်၊ ဆစ်ချိုးကလေးတွေ ရှိတယ်။ ထွက်လာခဲ့တဲ့နေရာကို ဖြုန်းခနဲပြန်မတွေ့ရဘူး။ ဒီတော့ မဝေးလှပါကလား အောက်မေ့လိမ့်မယ်။ ဒါကြောင့်လည်း အတိတ်ဆိုတာကို ညီမအနေနဲ့ မကြာဘူးထင်ပေမဲ့ အစ်ကိုထွန်းအနေနဲ့ ကြာတယ်လို့ထင်တယ်"

ယခုတော့လည်း ဗိုလ်မှူးညိုထွန်း၏ စကားတို့ကို ဒေါ်ရေနံ့သာခင်ခင်ကြီး သဘောပေါက်ရပါလေပြီ။ နားလည်ရပါလေပြီ။ သဘောမပေါက်နိုင်စရာ၊ နားမလည်နိုင်စရာလည်း မရှိထင်သည်။ အသက်ပင် လေးဆယ်ကျော်လာခဲ့ပြီ။ အတွေ့အကြုံကလည်း များပြားခဲ့ပြီ။ သည်မျှကိုတော့ နားလည်သင့်ပါပြီ။ စင်စစ် ဗိုလ်မှူးညိုထွန်းသည် ရင်မှာ အနှစ်နှစ်အလလက မျိုသိပ်ထားခဲ့ရသမျှကို ဖွင့်ဟခြင်းပင်ဖြစ်မည်။ သူ၏ခံစားချက်ကို တင်ပြခြင်းပင်ဖြစ်သည်ဟု သဘောပေါက်လာသည်။ သို့နှင့်အမျှ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ရင်မှာ နွေးထွေးလာရသည်။

"နေရိပ်လာမှာကို နေပူက ထိုင်စောင့်နေတဲ့လူမျိုးကို လူမိုက်လို့ ဆိုကြတယ်။ အစ်ကိုထွန်းဟာလည်း တကယ်တော့ နေရိပ်လာမှာကို နေပူကထိုင်စောင့်ရတဲ့လူလိုပါပဲ။ လူမိုက်ဆိုရင်လည်း ဆိုပေါ့လေ။ ဒါပေမဲ့ ဒီမှာတွေ့လာရတာရှိတယ်။ တစ်ခါတစ်ခါကျရင်တော့ လူတွေမှာ အခြေအနေနဲ့ အခါအခွင့်ဆိုတာ မပေးခဲ့ရင် ဘာမှလုပ်လို့မရပါဘူး။ လုပ်လို့လည်း ဘာမှမဖြစ်နိုင်ဘူး။ နေရိပ်လာမှာကို နေပူက ထိုင်မစောင့်ချင်ပေမဲ့လည်း ခြေကုန်လက်ပန်းကျလို့ ဆက်မလျှောက်နိုင်တော့ဘူးဆိုရင်တော့ ထိုင်စောင့်ရမှာပဲ မဟုတ်လား။ ဒီလိုပါပဲ။ အစ်ကိုထွန်းဟာ ခြေကုန်လက်ပန်းကျလို့ ထိုင်စောင့်နေခဲ့ရတဲ့သူပါ။ စောင့်ရတာလည်း ကြာလှပါပြီကွယ်။


"ဒီစကားကို ဘယ်တော့မှ မပြောတော့ဘူးလို့ပါပဲ။ ပြောဖို့လည်း မလိုတော့ဘူးထင်ခဲ့တယ်။ ဒါပေမဲ့ အချိန်နည်းနည်းကလေးပဲ ကျန်တော့တယ်ဆိုတဲ့အသိက စိတ်နှလုံးကို တုန်လှုပ်ချောက်ချားစေနိုင်ခဲ့တယ် ညီမ။ အမှန်တော့လည်း ကိုယ်တို့အတွက် အချိန်ဆိုတာက တကယ်ပဲ နည်းနည်းကလေးကျန်တော့တယ်။ နည်းပါးလှတဲ့ အချိန်ကလေးအတွင်းမှာ တစ်သက်လုံး မျိုသိပ်ခဲ့ရတာ၊ ရင်မှာသိမ်းခဲ့ရတာကို မပြောဖြစ်ခဲ့ရင် ဘဝကို အရှုံးနဲ့ပိုင်းခဲ့ရသလိုဖြစ်မယ်။ အနိုင်မရဘူးဆိုဦး၊ ကိုယ့်ဝေဒနာကိုထုတ်ပြရရင် ရင်ထဲမှာ ပေါ့ပါးသွားလိမ့်မယ်ထင်တယ်။ ဒါကြောင့်ပဲ ပြောချင်တယ်"

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ရင်မှာ ခုန်လာသည်။ နှလုံးသွေးလည်ပတ်နှုန်း မြန်လာသည်။ ထိုအတွက် ဒေါ်ရေနံ့သာခင်ခင်ကြီးသည် မိမိကိုယ်ကိုပင် မိမိ မကျေနပ်နိုင်အောင် ရှိရသည်။ စင်စစ်သည်သို့ဖြစ်တတ်လေ့ရှိသူမျိုးဆိုသည်က မြီးကောင်ပေါက်များသာ ဖြစ်သင့်သည်။ မိမိအသက်အရွယ် အတွေ့အကြုံအရ သည်သို့မဖြစ်သင့်မှန်းသိပါလျက် တားဆီး၍ မရနိုင်ဘဲရှိသည်။ ဗိုလ်မှူးညိုထွန်း၏ စကားသံကိုလည်း ဝေးလံသောအရပ်မှနေကာ ပဲ့တင်သံသဖွယ် ရောက်ရှိလာသည် ထင်သည်။

"ညီမရဲ့အကြောင်းကို စပြီးကြားရတဲ့အချိန်က အကိုထွန်းရဲ့ အသက်ဆယ့်သုံးနှစ်သားအရွယ်၊ ဒါကို မှတ်မိနေတယ်။ အဲဒီနေ့ကို အခုထိ အမှတ်ထင်ထင် ရှိနေမိတယ်။ ဒီတုန်းက ရေနံတွင်းတူးတဲ့နေရာမှာ အဆင့်အနိမ့်ဆုံးဘဝ၊ ကြိုးဆွဲဘဝ။ ညီမ လူ့လောကထဲကို ရောက်ရင်ရောက်ချင်းကတည်းက သိခဲ့ရတဲ့လူလို့ ပြောရင်ဖြစ်တယ်။ ဒါပေမဲ့ ကြည့်စမ်း၊ အဆက်အစပ်တွေဟာ ဘယ်လောက်ကွာလှမ်းသွားသလဲဆိုတာ။ ညီမကို ပထမဆုံးအကြိမ် မြင်တွေ့ရတဲ့အချိန်ကျတော့ အကိုထွန်းရဲ့အသက်ဟာ သုံးဆယ်နားနီးနေပြီ။ ညီမဟာ ဒုက္ခနဲ့ အရင်းတည်ထားရတဲ့ဘဝကို ရောက်နေပြီ။ ညီမဟာ ဒီဒုက္ခသံသရာက အခုချိန်အထိ မလွတ်နိုင်သေးဘူး။ အမှန်ပြောရရင် အစ်ကိုထွန်းဟာ မျှော်လင့်ချက်တစ်ရပ်နဲ့အတူ ညီမ ဒီဒုက္ခသံသရာက လွတ်မယ့်အချိန်ကို စောင့်ခဲ့တယ်။ မျှော်ခဲ့တယ်။ တွက်ကြည့်ရင် မျှော်လင့်ချက်ကို ထပ်ပြီးမျှော်လင့်နေရတာနဲ့ ဘာခြားသလဲ။ ကိုယ့်ဘာသာ မျှော်လင့်ချက်သံသရာထဲမှာ ပြန်ပြီးဝဲလည်နေခဲ့ရပြန်တယ်။ မျှော်လင့်ချက်နေရိပ်ကို ရှာရင်း ခြေကုန်လက်ပန်းကျခဲ့ရတဲ့ နေပူထဲက လူတစ်ယောက်ပါ ညီမ။ ပြီးတော့လည်း အခုထိ နေရိပ်ကိုလည်း လှမ်းမမြင်ရသေးတဲ့ဘဝပါကွယ်"

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ရင်ထဲမှနေ၍ "အစ်ကိုထွန်းရယ်" ဟု ညည်းနေမိသည်။ သူသည် ဗိုလ်မှူးညိုထွန်း၏ စိတ်သန္တာန်ကို ကြာမြင့်စွာကတည်းက ရိပ်စားမိခဲ့ပြီဖြစ်သည်။ ဗိုလ်မှူးညိုထွန်းအနေနှင့် မိမိကို အဘယ်မျှမျှော်လင့်ခဲ့သည်ဆိုခြင်းကိုလည်း သိခဲ့သည်။ သို့တိုင်အောင် သူသည် ရှိသမျှအင်အားကို အလုံးစုံအသုံးချကာ လူတစ်ယောက်တည်းကိုသာ ပုံ၍ချစ်ခဲ့သည်။ အချစ်ကို တစ်နေရာတည်းမှာသာ ပုံအောခဲ့သည်ဟု ဆိုနိုင်သည်။ နောက်ထပ်မရှိတော့။ အချစ်သည် သူ့တွင် ခန်းခြောက်၍ နေခဲ့ပါလေပြီ။ ဒေါ်ရေနံ့သာခင်ခင်ကြီးလို မိန်းမအမျိုးအစားက အချစ်ဟူသည်ကို ဣတ္ထိသယ လွယ်အိတ်လို သဘောမထားတတ်သည်မှာလည်း အမှန်ပင်။ ထို့ကြောင့်လည်း သည်အကြောင်းနှင့်စပ်လျဉ်း၍ စကားစလာလေပြီဆိုလျှင် စကားကို လွှဲပြောင်းပစ်ခဲ့သည်ချည်း။ တတ်နိုင်သမျှ ရှောင်တိမ်းခဲ့သည်ချည်း။ ယခုတစ်ခါတွင်မူ အငိုက်မိခံရသည်ဟုထင်သည်။ ရှောင်တိမ်းရန် အချိန်မရလိုက်။

**ဆက်လက်ဖော်ပြပါမည်။**




"အစ်ကိုထွန်းဟာ ကိုယ့်ရဲ့ ပုဂ္ဂလိကအရေးကို ဘေးချိတ်ပြီး သူတစ်ပါးရဲ့အရေးအခင်းကို ပွဲကြည့်ပရိသတ်လို စောင့်ကြည့်ဖို့လောက်သာ ကံကြမ္မာပါတဲ့လူတစ်ယောက်ပါ ညီမ။ တွေးကြည့်ရင် ညီမတို့နဲ့ အစ်ကိုထွန်းဟာ ဘဝချင်းဆက်နွှယ်နေတယ်လို့ ပြောလို့ရတယ်။ နီးစပ်ထိတွေ့မှုရှိတယ်။ ဒါပေမဲ့ ဇာတ်တစ်ဇာတ်လုံးမှာ ကိုယ်ကိုယ်တိုင် ပါဝင်ကပြခဲ့ရတဲ့ အခန်းကဏ္ဍမရှိခဲ့ဘူး။ ကိုယ်က ပွဲကြည့်ပရိသတ်သက်သက်ပဲ၊ သူတစ်ပါးတွေ ပြော၊ ဆို၊ ငို၊ လွမ်းနေတာကို ထိုင်ကြည့်နေရတာပဲ။ အခုထိ ပွဲကြည့်ပရိသတ်အဆင့်ပဲရှိပါသေးတယ်ညီမ" ဗိုလ်မှူးညိုထွန်း၏စကားများမှာ ဒေါ်ရေနံ့သာခင်ခင်ကြီးအဖို့ . . .

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

✻ CDM မှ

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများကို ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့ နဝင်းရပ်ကွက်နေ မိုးမိုးလွင်သည် ၎င်းအသုံးပြုသည့် "Moe Moe Lwin" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုဇုန် (၁) ကျန်စစ်သားလမ်းနှင့် တိုင်းတာမင်းကြီးလမ်းထောင့်နေ ညိုဝင်း(ခ) မျိုးဝင်းသည် ၎င်းအသုံးပြုသည့် "Myo Win" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဩဂုတ် ၁၁

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဩဂုတ် ၁၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ်အတွဲ (၅၄)၊ အမှတ် (၃၃) တွင် သွားသန့်ရှင်းရေးကို စနစ်တကျပြုလုပ်ရန်နှင့် အချိုကို လွန်ကဲစွာစားသုံးခြင်းကြောင့် ရရှိလာနိုင်သည့် ဆိုးကျိုးအကြောင်းကို တင်ဆက်ထားသည့် "ပုပု- ပြောပြရဦးမယ်" မျက်နှာဖုံးကာတွန်း၊ ကမ္ဘာဂြိုဟ်၏ မျက်နှာပြင်သဘာဝဝန်းကျင်နှင့် ပုံစံတူသော အင်္ဂါဂြိုဟ်အကြောင်း ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "စိတ်ဝင်စားစရာ အင်္ဂါဂြိုဟ်အကြောင်း" သုတဆောင်းပါး၊ အကြွေးထားခြင်းကို အကျင့်ဖြစ်နေသော ယုန်ငယ်လေးအကြောင်းကို ဟာသဖြစ်ဖွယ် ရေးဖွဲ့ထားသည့် "နားရှည်-အကြွေးယူတတ်သူ" နှစ်မျက်နှာကာတွန်း၊ အယ်ဒီတာကြီးဖြစ်ချင်သော သုံးတန်းကျောင်းသူ လှကလေး၏ မြန်မာစာ၊ မြန်မာစကားကို လေးစားတန်ဖိုးထားပုံအကြောင်း တင်ဆက်ထားသည့် "အယ်ဒီတာကြီးဖြစ်ချင်တယ်" ဝတ္ထုကဏ္ဍ၊ မေ့တတ်လို့ပါဆိုသော သမီးလေးဟန်သီအကြောင်း ရေးဖွဲ့ထားသည့် "ဟန်သီမ" တစ်မျက်နှာကာတွန်း၊ ကြက်ကလေးများ အကောင်ပေါက်ရန်အတွက် စောင့်ရကျိုးနပ်သည်ဆိုသော ကြက်မေမေအကြောင်း ရေးဖွဲ့ထားသည့် "အလုပ်များနေတဲ့ ကြက်မေမေ" ပုံပြင်ကဏ္ဍ၊ မြန်မာလူမျိုးတို့အတွက် အဖိုးတန်လှသော ဆန်စပါးကို တန်ဖိုးထားတတ်ရန်နှင့် ကျေးဇူးကြီးမားလှသော တောင်သူဦးကြီးတို့အကြောင်း ရေးဖွဲ့ထားသည့် "ဆန်" ကဗျာကဏ္ဍ အပါအဝင် ဉာဏ်စမ်းကဏ္ဍနှင့် အင်္ဂလိပ်စကားဝိုင်းကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုသိမ်ကြီးမြို့နယ် ဧရာဝတီမြစ်အတွင်း ငါးသားပေါက်ကောင်ရေခြောက်သိန်း မျိုးစိုက်ထည့်

မန္တလေး ဩဂုတ် ၁၁

